ရောင်းမှု

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ တနလင်္ဘာနေ့။ Monday, 2 May 2022 ၁၀၇၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကော့သောင်းဒေသသည် ဖွံ့ဖြိုးမှုမြန်ဆန်သောဒေသဖြစ်၍ ကောင်းမွန်သောဒေသ၏ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး စုပေါင်းစွမ်းအားဖြင့် ကြိုးစားဆောင်ရွက်ပါက အောင်မြင်တိုးတက်မှု မလွဲမသွေရရှိမည်

နေပြည်တော် မေ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ရှိ မဠူသကခန်းမ၌ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကော့သောင်းမြို့ရှိ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး စိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကော့သောင်းမြို့ရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အုပ်ချုပ်ရေး၊ စီးပွားရေး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁

မင်းဘူး	၄၄	ဒီဂရီစင်တီဂရိတ်
မကွေး	၄၄	ဒီဂရီစင်တီဂရိတ်
တောင်တွင်းကြီး	၄၄	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၃	ဒီဂရီစင်တီဂရိတ်
ချောက်	၄၃	ဒီဂရီစင်တီဂရိတ်
မြင်းမူ	၄၂	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၂	ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၂	ဒီဂရီစင်တီဂရိတ်
ဆင်ဖြူကျွန်း	၄၂	ဒီဂရီစင်တီဂရိတ်

ယနေ့ ဖတ် စ ရာ

မြန်မာ့အာမခံမှရောင်းချသည့် သူတစ်ပါးထိခိုက်မှုအာမခံကို Mobile Application အသုံးပြု၍ ဝယ်ယူနိုင်သည့် ဝန်ဆောင်မှု

ဆောင်းပါး စာမျက်နှာ » ၈

စားအုန်းဆီဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားခြင်းများ ပြုလုပ်ပါက အရေးယူမည်

မေ၂ ရက်မှ မေ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်း စားအုန်းဆီတစ်ပိဿာ ၆၀၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ » ၁၀

ဂရိနိုင်ငံက နွေရာသီခရီးသွားကာလအတွင်း ခရီးသွားအများအပြား လာရောက်ရန်ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါစည်းမျဉ်းများ ဖြေလျှော့

စာမျက်နှာ » ၁၁

ကိုရီးယားနိုင်ငံ၏ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်အကဲဖြတ်ခြင်းစနစ်

ဆောင်းပါး စာမျက်နှာ » ၂၄

ကြားမှု

အလုပ်အကိုင်အခွင့်အလမ်း ဖန်တီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်

မြန်မာနိုင်ငံတွင် လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ အခြေခံပြည်သူများသည် နိုင်ငံလူဦးရေ၏ အများစုဖြစ်သည်။ ထို့ကြောင့် ပြည်သူအများ စားဝတ်နေရေး အဆင်ပြေချောင်လည်စေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ အစဉ်တိုးတက်ကောင်းမွန်ရန် လိုအပ်သည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အခက်အခဲ၊ အနှောင့်အယှက်၊ အတိုက်အခိုက်၊ အဖျက်အဆီးများကြားမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိရာ တိုးတက်ဖြစ်ထွန်းမှုများ ရရှိနေသည်ကို မြင်တွေ့နေရပါသည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို လက်တွေ့ဆောင်ကြဉ်းပေးလျက်ရှိသဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး ပြည့်စုံကောင်းမွန်ပြီး အေးချမ်းစွာနေထိုင်နိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်လာစေရန်၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ဦးမော့လာစေရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့ကာလတွင် ကိုဗစ်-၁၉ ရောဂါ နောက်ဆက်တွဲ အကျိုးဆက်ကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ပြည်သူအများစု၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည်ကိုတွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်စွာအကောင်အထည်ပေါ်လာရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာရေး အချက်သည် ကနဦးလိုအပ်ချက်၊ လက်ငင်းလိုအပ်ချက်ဖြစ်သည်။ မျက်မှောက်ကာလ၌ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးကဏ္ဍတွင် ထိခိုက်မှုများရှိခဲ့ရာ အလုပ်အကိုင်အခွင့်အလမ်းများ မတည်ငြိမ်မှု၊ ဝန်ထမ်းအင်အားလျှော့ချမှုတို့ကို မြန်မာနိုင်ငံ သာမက တစ်ကမ္ဘာလုံး ကြုံတွေ့နေရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းလာစေရေး တို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့်ကာလတိုအတွင်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်သော ကုန်ကြမ်းယူ ကုန်ချောပေး လက်ခစားလုပ်ငန်းများကို ပြည်တွင်း ပြည်ပမှ လုပ်ငန်းရှင်များအား ဝင်ရောက်ရင်းနှီး လုပ်ကိုင်ခွင့်ပြုပေးလျက်ရှိသည်။

ပြည်တွင်း ပြည်ပမှ ရင်းနှီးလုပ်ကိုင်ကြသည့် လက်ခစားလုပ်ငန်းစနစ်ကြောင့် လုပ်သားအခြေပြု အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်း၊ အရင်းအနှီးအနည်းငယ်ဖြင့် နိုင်ငံတော်အတွက် စီးပွားရေးတိုးတက်အောင် ဖန်တီးပေးနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခဲ့သည်။ ထို့အပြင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဝင်ရောက်လာစေပြီး နည်းပညာ၊ စျေးကွက်နှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုအထောက်အပံ့ကောင်းများ ရရှိနိုင်စေရန်တို့အတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ အနည်းဆုံးအခြေခံအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ရာမှ ယင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုမှတစ်ဆင့် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့တွင် စက်မှုလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၌ အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ထိုသို့ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း များစွာဖန်တီးပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် လုပ်သားအင်အားပေါများသောနိုင်ငံဖြစ်သဖြင့် ပေါ်ထွက်လာသော အလုပ်အကိုင်အခွင့်အလမ်းများကို ထိထိရောက်ရောက် ပါဝင်အသုံးချကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများ၏ စိတ်ဓာတ်၊ ယုံကြည်ချက်၊ အတွေးအခေါ်မှန်ကန်ရေး၊ အလုပ်ကိုတန်ဖိုးထားရေး၊ စွန့်ဦးတီထွင်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာများ အဆင့်မီမီတတ်မြောက်စေရေး၊ လုပ်ချင်ကိုင်ချင်စိတ်ရှိသည့် ပြင်းပြသောဆန္ဒများဖြင့် တိုးတက်အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်လိုစိတ်ရှိရေး စသည့် မိမိအကျိုး၊ နိုင်ငံအကျိုး တိုးတက်ဖြစ်ထွန်းစေရန် အစဉ်ကြံစည်ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်" ယုံကြည်ချက်ဖြင့် ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံမှစ၍ ဖန်တီးဖော်ဆောင်ပေးလျက်ရှိရာ ယခုအခါ စီးပွားရေးကဏ္ဍတွင် တိုးတက်အောင်မြင်မှုလမ်းစများ တွေ့ရှိနေရပြီဖြစ်၍ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးရည်မှန်းချက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် မေ ၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒဂ္ဂီဏာသီရိမြို့နယ်ရှိ ထန်းတပင်တောရ ကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မမ္ဘရက္ခိတ ဝန်းသိုကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကုမာရာရာမကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိမြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ရွှေကျောင်းကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ ထန်းတောကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ဖြူးမြို့နယ်၌ တိုက်ကွမ်ဒိုအားကစားသင်တန်း သင်ကြားပေး

ဖြူး မေ ၁

ကျောင်းသားလူငယ်များ ကာယ၊ ဉာဏ်၊ စာရိတ္တကောင်းမွန်စေရေးကို အထောက်အကူပြုစေရေး တိုက်ကွမ်ဒို အားကစားသင်တန်းကို ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမတွင် ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တိုက်ကွမ်ဒိုသင်တန်း ပထမနေ့ သင်ကြားပေးရာတွင် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ တောင်ငူခရိုင် နည်းပြဦးမင်းဇော်က တိုက်ကွမ်ဒိုပညာ၏ သမိုင်းကြောင်းအား ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းကို တစ်ရက်လျှင် ၃ နာရီကြာ ရက်သတ္တတစ်ပတ်လျှင် လေးရက်နှုန်းဖြင့် ငါးပတ်တာကာလ အတွင်း အခြေခံသင်ခန်းစာအလိုက် လက်သီးထိုးနည်းအဆင့်ဆင့်၊ ခြေကန်နည်းအဆင့်ဆင့် စသည့်တိုက်ကွမ်ဒိုပညာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

မိတ္ထီလာမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၁၃၅၀၀၀ ကျော် ပျိုးထောင်ထားရှိ

မိတ္ထီလာ မေ ၁

မိတ္ထီလာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၁၃၅၀၀၀ ကျော် ပျိုးထောင်ထားရှိကြောင်း သိရသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနရှိ ပျိုးဥယျာဉ်တွင် တမာ၊ ဒဟတ်၊ ဖျောက်ဆိပ်၊ မြန်မာကုက္ကို၊ ရင်းမာ၊ မြင်ဝါး၊ ယူကလစ်၊ ရှား၊ ပိတောက်၊ မဲဇလီ၊ ကျွန်း စသည့်ပျိုးပင်ပေါင်း ၁၃၅၁၄၈ ပင် ပျိုးထောင်ထားရှိသည်။ အဆိုပါပျိုးပင်များထဲမှ ကျေးရွာသုံး စိုက်ခင်းဧက ၅၀ အတွက် ပျိုးပင်ပေါင်း ၃၃၇၅၀ ပင်၊ ကျေးရွာသုံး စိုက်ခင်း ၄၅ ဧက အတွက် ပျိုးပင်ပေါင်း ၃၀၃၇၅ ပင်၊ အထူးစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းအတွက် ပျိုးပင် ၂၇၈၅၀၊ အခြားစိုက်ခင်း ၂၅ ဧကအတွက် ပျိုးပင်ပေါင်း ၃၇၈၁၃ ပင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဘက်စုံသုံးစိုက်ခင်း တစ်ဧကအတွက် ပျိုးပင်ပေါင်း ၆၈၀၊ တစ်အိမ်ထောင် သစ်မာအပင် ၂၀ အတွက် ပျိုးပင်ပေါင်း ၃၂၀၀၊ တစ်အိမ်ထောင် ကျွန်းသုံးပင်အတွက် ပျိုးပင်ပေါင်း ၄၈၀ နှင့် ပြည်သူ့ဗဟိုပြုစိုက်ခင်းအတွက် ပျိုးပင်ပေါင်း ၁၀၀၀ တို့ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
		သတင်းထောက်များ	ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်စွာလင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖ၁၂၈၊ ၀ဖြ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၅ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကော့သောင်းမြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

လူမှုရေး စသည့်ဒေသဆိုင်ရာ အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တနသံ်ာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်ကြသည်။

ပိုမိုထိရောက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်လမ်းညွှန်ထားသော အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများအရ နိုင်ငံ၏ လိုအပ်သောနေရာများတွင် ခရိုင်အဆင့်တိုးချဲ့ဖွဲ့စည်းခဲ့ရာ ဘုတ်ပြင်းမြို့ကိုလည်း ခရိုင်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်၍ နိုင်ငံတော်လုပ်ငန်းတာဝန်များအားလိုင်းကာလတွင် နိုင်ငံတော်၏ ကျန်းမာရေးစနစ်ပြိုလဲကာ တည်ဆဲအစိုးရအတွက် အကျပ်အတည်းဖြစ်စေ၍ အစိုးရပြုတ်ကျသည်အထိ ရည်ရွယ်ချက်ဖြင့် ဘက်ပေါင်းစုံမှ ထိုးနှက်ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ တည်ငြိမ်မှုကို မလိုလားသည့် ပြည်တွင်းအကြမ်းဖက်အဖွဲ့များကလည်း မီဒီယာများမှတစ်ဆင့် အမျိုးမျိုးသောဝါဒဆိုးများဖြန့်ခဲ့ကြောင်း၊ အကြမ်းဖက်အဖွဲ့များ၏ ခြိမ်းခြောက်မှုနည်းမျိုးစုံဖြင့် မက်လုံးပေးဆွဲဆောင်မှုတို့ကြောင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် နိုင်ငံ့ဝန်ထမ်းအချို့ CDM လုပ်ရှားမှုတွင် ပါဝင်နေသော အချိန်ဖြစ်ကြောင်း၊ အခက်အခဲအမျိုးမျိုး၊ အကျပ်အတည်းအမျိုးမျိုးကြားမှ တာဝန်သိ သစ္စာရှိဝန်ထမ်းများနှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လူ့အသက်ထက် အရေးကြီးသည်မှာ မည်သည့်အရာမျှမရှိဟုခံယူလျက် လမ်းညွှန်ချက်အတိုင်း ကိုဗစ်-၁၉ တတိယလှိုင်းကို အချိန်တိုအတွင်း အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့၍ WHO အပါအဝင် နိုင်ငံအများစုကပင် အံ့သြခဲ့ရကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို မှတ်တမ်းတင်သည့် VMIS ဖြည့်သွင်းမှုစနစ်ကို တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများက အကောင်းဆုံးပုံစံတွင် တစ်ခုအပါအဝင်အဖြစ် အသိအမှတ်ပြုမှုအပေါ် နိုင်ငံ၏ ဂုဏ်ယူစရာအဖြစ်တွေ့နိုင်ကြောင်း၊ အလားတူ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခဲ့မှုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့၏ ပေါင်းစည်းစွမ်းအားဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ပြနိုင်ခဲ့ကြောင်း၊ ပြည်ထောင်စု၏ ဒေသအလိုက် ထင်ရှားသော အမှတ်အသားအထိမ်းအမှတ်နှင့် ထုတ်ကုန်များ၊ ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ တစ်နည်းအားဖြင့် အကြမ်းဖက်အဖွဲ့များ၏ ခြိမ်းခြောက်မှုများ ကြားကပင် စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ခြင်းဖြစ်၍ မှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း။

အကူအညီများရရှိ

လက်ရှိတွင် ကိုဗစ်-၁၉ စတုတ္ထလှိုင်းကို တတိယလှိုင်းတွင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ ပြင်ဆင်မှုဖြင့် ကာကွယ်ထိန်းချုပ်မှုများ ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အပြီးအသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံး ရာခိုင်နှုန်းပြည့် ကာကွယ်ဆေးထိုးနှံပြီးစီးရေးရည်မှန်းကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဆေးရရှိရေး အရန်နိုင်ငံခြားငွေကြေးမှ ဝယ်ယူရန်ကြိုးပမ်းသကဲ့သို့ မိတ်ဆွေနိုင်ငံများမှလည်း အကူအညီများရရှိခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံအချို့တွင် ရောဂါကူးစက်မှုများ နေ့စဉ်နှင့်အမျှဖြစ်ပေါ်နေသော်လည်း မိမိတို့နိုင်ငံတွင် ဧပြီ ၃၀ ရက် စာရင်းဇယားအရ တစ်နိုင်ငံလုံး ကိုဗစ်ဖြစ်ပွားမှု ၁၉ ဦး၊ သုည ဒသမ ၂၂ ရာခိုင်နှုန်းသာ ရှိပြီး သေဆုံးသူမရှိသည်ကို တွေ့ရှိရကြောင်း၊ ကာကွယ်ဆေးထိုးခြင်း၏ အကျိုးရလဒ်ပင်ဖြစ်ကြောင်း၊ ကျန်ရှိသူများအပြင် အသက် ၅ နှစ်နှင့် အထက်ကလေးသူငယ်များ ကာကွယ်ဆေးထိုးနှံမှုကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ရန် စီမံလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် အဘက်ဘက်မှ ယိုင်လဲခဲ့ရသည့် နိုင်ငံ့စီးပွားရေးကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်မှုအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးခံစားရသော ထိခိုက်မှုဖြစ်၍ နိုင်ငံတော်တွင်လည်း ထိခိုက်မှုများရှိခဲ့ပြီး အတိုင်းအတာတစ်ခုအထိ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုနှင့် GDP တိုးတက်ရေး ထိန်းသိမ်းနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှိ မြေသယံဇာတ၊ ရေသယံဇာတအခြေခံကောင်းများကို အသုံးချ၍ လုပ်သင့်လုပ်ထိုက်သည်များကို ပိုင်းဝန်းလုပ်ဆောင်ခြင်းဖြင့် ပုံမှန်ထက်တိုးတက်မှုကို ပြန်လည်ရနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရန်အချက်များ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခြင်း၊ တစ်ကြိမ်ထက်ပို၍ မဲပေးခြင်း စသော မဲလိမ်မဲခိုးမှု၊ မဲမသမာမှုများကြောင့် တရားမျှတသည့် ရွေးကောက်ပွဲ မဖြစ်ခဲ့သဖြင့် လက်ရှိအခြေအနေရောက်ရှိခဲ့ခြင်းဖြစ်ရာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသော ပန်းခင်းစီမံချက်တွင် အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မဲပေးခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်တစ်ကတ် ရှိနေရမည်ဖြစ်၍ မဖြစ်မနေ လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ မဲဆန္ဒရှင်နှင့် မဲစာရင်းများ မှန်ကန်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်တွင်းကွန်ပျူတာပညာရှင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဦးတည်းဆောင်ရွက်၍မရသောလုပ်ငန်းဖြစ်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ သုံးရပ် တိုးတက်ရန်လိုကြောင်း၊ နိုင်ငံတွင် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းခန့် ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြောင်း၊ တနသံ်ာရီတိုင်းဒေသကြီးအနေဖြင့် ဆီအုန်း အဓိကစိုက်ပျိုးလျက်ရှိသည့်အပြင် ကိုကိုးကဲ့သို့သော အပိုဝင်ငွေရရှိနိုင်သည့် သီးညှပ်စိုက်ပျိုးနိုင်ရေး၊ နည်းပညာနှင့် သွင်းအားစုများရရှိရေး သက်ဆိုင်ရာဌာနဆိုင်ရာနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆီထုတ်လုပ်ရာတွင်လည်း ဆီကြမ်းမှ ဆီချောအထိ ဒေသတွင်း၌ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ကော့သောင်းဒေသသည် ရေလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ထူးခြားဆန်းပြားသော ငါးသယံဇာတများနှင့် တန်ဖိုးမဖြတ်နိုင်သည့် သန္တာကျောက်တန်း စသည်ဖြင့် စီးပွားရေးကဏ္ဍအတွက် အခြေခံကောင်းများရှိကြောင်း ထွက်ကုန်များအား ပြည်ပပို့ရာတွင် ရရှိသည့်ကုန်ကြမ်းအတိုင်း ရောင်းချသည်ထက် တန်ဖိုးမြှင့်ထုတ်ကုန်(Value added) ပြုလုပ်ရောင်းချရန်လိုကြောင်း၊ သို့မှသာ တစ်ဦးချင်းဝင်ငွေတိုးတက်မှုမှတစ်ဆင့် ဒေသစီးပွားရေးကောင်းမွန်ကာ နိုင်ငံတော်အတွက်လည်း အခွန်အခများပိုမိုရရှိကာ ၎င်းဝင်ငွေများမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအလိုက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည့် လုပ်ငန်းများကို ပိုမိုခွဲဝေပေးနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ အရန်ငွေကြေးမှာလည်း စာမျက်နှာ ၄ သို့ »»»

☆ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများအရ နိုင်ငံ၏ လိုအပ်သောနေရာများတွင် ခရိုင်အဆင့်တိုးချဲ့ဖွဲ့စည်းခဲ့ရာ ဘုတ်ပြင်းမြို့ကိုလည်း ခရိုင်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်း

☆ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်

☆ ၂၀၂၃ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရန်အချက်များ ဆောင်ရွက်လျက်ရှိ

☆ မဲပေးခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်တစ်ကတ် ရှိနေရမည်ဖြစ်၍ မဖြစ်မနေ လုပ်ဆောင်ရန်လိုအပ်

☆ တစ်ဦးတည်းဆောင်ရွက်၍မရသောလုပ်ငန်းဖြစ်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဇာဒက်ကြီးကျွန်း ဆလုံကျွန်းကျေးရွာ ဘိုးဘွားရိပ်သာ၌ ဒေသခံဆလုံလူမျိုးအဘိုးအဘွားများနှင့် ဆလုံမိသားစုဝင်များအား တွေ့ဆုံနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

»»» **စာမျက်နှာ ၃ မှ**

တိုးတက်လာမည်ဖြစ်ကြောင်း၊ စက်သုံးဆီနှင့် ပတ်သက်၍ နိုင်ငံတကာအရေးအရာများကြောင့် ကမ္ဘာတွင်ဆီစျေးများတည်ငြိမ်မှုမရှိဘဲ စျေးနှုန်းမြင့်တက်မှုများရှိကြောင်း ပြည်တွင်းဆီထုတ်လုပ်မှုမှ လောက်ငမှုမရှိ၍ ပြည်ပမှ အရန်နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းရသဖြင့် တတ်နိုင်သရွေ့ ခြိုးခြံချွေတာရန်လိုကြောင်း၊ အလားတူ စားသုံးဆီနှင့်ပတ်သက်၍ ပြည်တွင်းဖူလုံမှုမရှိသဖြင့် ပြင်ပမှ ဝယ်ယူတင်သွင်းနေရကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် အဓိကစိုက်ပျိုးနေသော ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းဒေသကြီးအတွင်း လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးမှ တစ်နိုင်ငံလုံးဆီဖူလုံရေး စီမံကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ ကျောင်းနေအရွယ်ကလေးသူငယ် အားလုံး(KG+9)ကို အခြေခံတတ်မြောက်ရန်လိုကြောင်း၊ (KG+9)တတ်မြောက်မှသာ Vocational Training သင်ကြား၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ ကူးပြောင်းခြင်းကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

အကျိုးဆောင်ပေးရန်လို

ကျန်းမာရေးနှင့်ပတ်သက်၍ လူတစ်ဦးချင်း၏ စားသောက်နေထိုင်မှုများ ကျန်းမာရေးနှင့်ကိုက်ညီမှုရှိစေရေးအတွက် ပြည်တွင်းထုတ်ကုန်၊ ပြည်ပသွင်းကုန်များကို အန္တရာယ်ကင်းရှင်းရေးဆိုင်ရာမူဝါဒနှင့် တည်ဆဲဖြန့်ချိမှုပါအတိုင်း ပြည်သူ့အားလုံးသိရှိအောင် အသိပညာပေးဖြန့်ဝေခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငြိမ်းချမ်းရေးအတွက် ကိုယ်တိုင်တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ကြိုတင်ကန့်သတ်ချက်မထားဘဲ ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရန် ဧပြီလ ၂၂ ရက်နေ့တွင် ဖိတ်ခေါ်ခဲ့ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရန်မှာ ငြိမ်းချမ်းနေရန်လိုကြောင်း၊ ကော့သောင်းမြို့သည် နိုင်ငံ၏တောင်ဘက်စွန်းနယ်စပ်မြို့ဖြစ်၍ ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် နိုင်ငံကြီးသားပီသသော အလေ့အထကောင်းများဖြင့် နေထိုင်ပြုမူဆက်ဆံကြရန်လိုကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမည့် လုပ်ရပ်များရှောင်ရှားရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁ ပါ နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒကို သိရှိလိုက်နာနေရန်လိုကြောင်း၊ အလားတူ ဝန်ထမ်းများအနေဖြင့် ဒေသ၏ရေ/မြေ သယံဇာတများကို တရားမဝင်သောနည်းလမ်းများဖြင့် အလေအလွင့်ဆုံးရှုံးမှုမရှိစေရေး ဒေသခံများနှင့် ပူးပေါင်းထိန်းသိမ်းကြရန်လိုကြောင်း၊ ဝန်ထမ်းအားလုံးအနေဖြင့် ဒေသ၊ နိုင်ငံတော်အကျိုးအတွက် ကဏ္ဍအလိုက် ဥပဒေလုပ်ထုံးလုပ်နည်းမူဘောင်အတွင်းမှ ကိုယ်ကျိုးမကြည့်ဘဲ စေတနာရှေ့ထား၍ မှန်ကန်မြန်ဆန်စွာဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို အကျိုးဆောင်ပေးရန်လိုကြောင်း၊ ၎င်းသည်ပင် ပြည်သူများထည့်ဝင်ထားသည့် အခွန်အခမှတစ်ဆင့် လစာအဖြစ်ရယူနေရသော ဝန်ထမ်းများအနေဖြင့် ပြည်သူကို ကျေးဇူးဆပ်ရာရောက်မည်ဖြစ်ကြောင်း၊ ကော့သောင်းဒေသသည် လုပ်လျှင်လုပ်သလောက် ဖွံ့ဖြိုးတိုးတက်နိုင်ပြီး ဖွံ့ဖြိုးမှုမြန်ဆန်သောဒေသ ဖြစ်၍ ကောင်းမွန်သောဒေသ၏ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချပြီး စုပေါင်းစွမ်းအားဖြင့် ကြိုးစားဆောင်ရွက်ပါက အောင်မြင်တိုးတက်မှု မလွဲမသွေရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တပ်နယ်ရိပ်သာဧည့်ခန်းမ၌ ကော့သောင်းမြို့ရှိ မြို့မိမြို့ဖများအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆလုံအဘိုးအဘွားများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဆလုံမိသားစုဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာတို့ပေးအပ်ရာ ဆလုံလူမျိုးအဘွားတစ်ဦးက လက်ခံရယူစဉ်။

ဘောင်အတွင်းမှ မှန်မှန်ကန်ကန်လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ လုပ်ငန်းလုပ်ကိုင်ရာတွင် မှန်ကန်စွာလုပ်ကိုင်၍ သတ်မှတ်အခွန်ငွေ မှန်ကန်စွာပေးရန် လိုအပ်သည့်အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များကို ကုန်ကြမ်းအစား တန်ဖိုးမြင့်ထုတ်ကုန်အဆင့်အထိ ထုတ်လုပ်ရောင်းချရန်လိုအပ်သည့် အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းစနစ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရမည့်အခြေအနေ၊ ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး လေဆိပ်နှင့် ဆိပ်ကမ်းများအား အမြင်တင့်တယ်ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ရမည့်အခြေအနေများအား ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဇာဒက်ကြီးကျွန်း ဆလုံကျွန်းကျေးရွာသို့ သွားရောက်၍ ကျေးရွာဘိုးဘွားရိပ်သာ၌ ဒေသခံဆလုံလူမျိုးအဘိုးအဘွားများနှင့် ဆလုံမိသားစုဝင်များအား တွေ့ဆုံကာ နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆလုံအဘိုးအဘွားများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဆလုံမိသားစုဝင်များအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ ဆလုံလူမျိုးအဘွားတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် ဆလုံလူမျိုးရိုးရာ အထိမ်းအမှတ်ပစ္စည်းအား တာဝန်ရှိသူတစ်ဦးက ပြန်လည်ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လက်ခံရယူပြီး ဆလုံအဘိုးအဘွားများနှင့် ဆလုံလူမျိုးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဇာဒက်ကြီးကျွန်းကျေးရွာတော် ဘဒ္ဒန္တ ဓမ္မိကသာရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

- **လူတစ်ဦးချင်း၏ စားသောက်နေထိုင်မှုများ ကျန်းမာရေးနှင့်ကိုက်ညီမှုရှိစေရေးအတွက် ပြည်တွင်းထုတ်ကုန်၊ ပြည်ပသွင်းကုန်များကို အန္တရာယ်ကင်းရှင်းရေးဆိုင်ရာမူဝါဒနှင့် တည်ဆဲဖြန့်ချိမှုပါအတိုင်း ပြည်သူ့အားလုံးသိရှိအောင် အသိပညာပေးဖြန့်ဝေခြင်းများ ဆောင်ရွက်သွားရမည်**
- **ကော့သောင်းမြို့သည် နိုင်ငံ၏တောင်ဘက်စွန်းနယ်စပ်မြို့ဖြစ်၍ ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် နိုင်ငံကြီးသားပီသသော အလေ့အထကောင်းများဖြင့် နေထိုင်ပြုမူဆက်ဆံကြရန်လို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကော့သောင်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နိုင်ငံတော်၏ တောင်ဘက်စွန်းဒေသအတွင်း တာဝန်ထမ်းဆောင်နေ၍ နိုင်ငံ၏ ရေသယံဇာတ၊ မြေသယံဇာတတို့ကို မတရားဆုံးရှုံးမှုမရှိစေရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများနှင့် ပူးပေါင်းကာကွယ်

နေပြည်တော် မေ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ဧာဒက်ကြီးကျွန်းနှင့် ကော့သောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့အား ဧာဒက်ကြီးကျွန်းရှိ နယ်မြေခံတပ်အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက တပ်တည်ဆောက်ရေး လုပ်ငန်းကြီး ၄ ရပ်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာအရေးအရာများကို ကြည့်ပါက အစဉ်အလာအရ အခိုင်အမာရပ်တည်လာသော နိုင်ငံအချို့သည် စစ်ပွဲ၏အကျိုးဆက်များကြောင့် ပျက်စီးဆုံးရှုံးမှုများကိုတွေ့ရမည်ဖြစ်ကြောင်း၊ အနှစ်နှစ်အလလ တည်ဆောက်၍ ထူထောင်ပျိုးထောင်ခဲ့သော ဖွံ့ဖြိုးတိုးတက်မှုများသည် ရက်ပိုင်းအတွင်း နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ပျက်စီးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၂၃ ခုနှစ် ဧနှစ်နဝါရီ ၄ ရက်တွင် စိန်ရတုလွတ်လပ်ရေးနေ့အဖြစ် နိုင်ငံကို ထူထောင်ခဲ့သည်မှာ (၇၅) နှစ် ပြည့်မြောက်မည်ဖြစ်ကြောင်း၊ အနှစ်နှစ်အလလထူထောင်ခဲ့သည့် နိုင်ငံတော်ကို ထိခိုက်ပျက်စီးမှုမရှိအောင် ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်၏ အဓိကတာဝန်ဖြစ်ကြောင်း၊ လက်မောင်းအမှတ်တံဆိပ်များ ကွဲပြားမှုရှိသော်လည်း မွန်မြတ်သောသစ္စာ ၄ ချက်အား နေ့စဉ်ရွတ်ဆိုနေကြသော တပ်မတော်သားများပင် ဖြစ်ကြောင်း၊ ထို့ပြင် တပ်မတော်သားအဖြစ်ခံယူ၍ တပ်မတော်သို့ ဝင်ရောက်ချိန်ကပင် နိုင်ငံတော်အလံကိုထိ၍ ကတိသစ္စာပြုခဲ့သူများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်ကို သစ္စာစောင့်သိ၍ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အရေးပေါ်ကာလ တစ်နှစ်နှင့် သုံးလတာ ကာလအတွင်း အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်ကို အလုံးစုံပျက်စီးအောင် နည်းမျိုးစုံဖြင့်ကြိုးပမ်းခဲ့ကြောင်း၊ ၎င်းတို့၏ ကြိုးပမ်းမှု အောင်မြင်မှုမရသဖြင့် နိုင်ငံတော်၏ အခိုင်အမာဆုံးသော အဖွဲ့အစည်းဖြစ်သည့် တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့များကို ဖြိုခွဲရန်ကြိုးပမ်းလာကြောင်း၊ ပြည်ပနိုင်ငံကြီးအချို့ကလည်း ပထဝီနိုင်ငံရေးဆိုင်ရာ ကိုယ်ကျိုးအကျိုးစီးပွားအတွက် နောက်ကွယ်မှ သွေးထိုးခြင်း၊ ထောက်ပံ့ခြင်းများပြုလုပ်နေကြကြောင်း၊ သို့သော် ကျစ်လျစ်ခိုင်မာသောစည်းလုံးမှုနှင့် အထက်အောက်အပြန်အလှန်လေးစားမှုတို့ဖြင့် **"ဘယ်သူ့ခွဲခွဲ ဒို့မကွဲအမြဲစည်းလုံးမည်"** ဟူသော ဆောင်ပုဒ်နှင့်အညီ တပ်တိုင်း၊ ရဲဘော်တိုင်း၊ အင်အားစုတိုင်းတို့က စည်းလုံးမှုခိုင်မြဲလျက်ရှိကြောင်း၊ နိုင်ငံတော်၏ တောင်ဘက်စွန်းဒေသအတွင်း တာဝန်ထမ်းဆောင်နေ၍ နိုင်ငံ၏ ရေသယံဇာတ၊ မြေသယံဇာတတို့ကို မတရားဆုံးရှုံးမှုမရှိစေရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများနှင့် ပူးပေါင်းကာကွယ်ရန်လိုကြောင်း၊ နယ်စပ်ဒေသဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒကို သိရှိလိုက်နာရန်လိုသလို နှစ်နိုင်ငံ ချုပ်ဆိုထားသော နယ်နိမိတ်ဆိုင်ရာစာချုပ်များကို တာဝန်ရှိသူတို့က တိတိကျကျလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်နေမှုကို သိရှိနားလည်ရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စစ်သည်၊ မိသားစုဝင်များ၏ စားဝတ်နေရေးမှစ၍ ကျန်းမာရေး၊ ပညာရေးအထိ အရေးအရာများကို အလေးနက်ထားဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ သို့မှသာ တပ်မတော်သားများအနေဖြင့် မိသားစုများအတွက် နောက်ဆံတင်းမှုမရှိဘဲ လုံခြုံရေးတာဝန်၊ စစ်ဆင်ရေးတာဝန်များကို အပြည့်အဝ အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း၊ ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် စစ်သည်၊ မိသားစုအားလုံးသည် ကျန်းမာကြံ့ခိုင်နေရန် အရေးကြီးသဖြင့် နံစွဓူဝ ကျန်းမာစေသော နေထိုင်စားသောက်မှုပုံစံများ နှင့်အညီ ဆောင်ရန်/ ရှောင်ရန်များကို လိုက်နာကြရန် လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုများနှင့် ပြည်သူများအား ကြည့်ရှုအားပေးစကား ပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့ကလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ကြည့်ရှုအားပေးစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုများနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါအခြေအနေများအား မေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံရှိ စားချက်ဆောင်နှင့် စားရိပ်သာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့ရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဧပြီ ၃၀ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များမှ တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်ရင်းတပ်ဖွဲ့များ၏ စိုက်ပျိုးရေးခြံများ၊ မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးကြပြီး မွေးမြူရေးတိရစ္ဆာန်ဆေးဝါးများကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးက လက်ခံရယူသည်။

ထို့နောက် ဝိုင်းမော်မြို့နယ် သစ်စိမ်းမြေသြဇာ ကြဲပက်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက မြေဆီလွှာဖွံ့ဖြိုးရေးနှင့် သီးနှံပင်အာဟာရ ပြည့်ဝရေးအတွက် သစ်စိမ်းမြေသြဇာ၏ အကျိုးကျေးဇူးများကို ဒေသခံတောင်သူများကို ရှင်းလင်းပြောကြား၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က သစ်စိမ်းမြေသြဇာပိုက်ဆံလျှော်မျိုးစေ့များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်ကြသည်။ ဆက်လက်၍ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများနှင့် အတူ သစ်စိမ်းမြေသြဇာအဖြစ် ပိုက်ဆံလျှော်မျိုးစေ့များကို ကြဲပက်စိုက်ပျိုးပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့နယ် တပ်ကုန်းရပ်ကွက်ရှိ စံပြလယ်ဧက ၁၀၀ ရေကြီးနစ်မြုပ်မှုသက်သာစေရန် ရေနုတ်မြောင်းတူးဖော်ခြင်း၊ မြောင်းပုံစံကျပြုပြင်ခြင်းနှင့် မြောင်းကူးတံတားနှစ်စင်း တည်ဆောက်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေး

ကြပြီး(**အပေါ်ပုံ**) ပြည်ထောင်စုဝန်ကြီးက ယခုဆောင်ရွက်လျက်ရှိသည့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မိုးရာသီ ရေကြီးရေလျှံမှု သက်သာစေမည့် ရေနုတ်မြောင်းအဖြစ်သာမက ဆောင်းရာသီနှင့် နွေရာသီအတွက် ဧရာဝတီမြစ်ရေကို သွင်းယူနိုင်သည့် ရေသွင်းမြောင်းအဖြစ်ပါ အသုံးချနိုင်ရေး တစ်ပါတည်း ဆောင်ရွက်ရန်နှင့် သီးထပ်စိုက်ပျိုးနိုင်ရေး သီးနှံစိုက်စွမ်းအားတိုးတက်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအနီးရှိ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် ဆောင်ရွက်လျက်ရှိသည့် ရော်ဘာသုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသနေ ရော်ဘာတောင်သူများနှင့် တွေ့ဆုံကာ ကချင်ပြည်နယ်အတွင်း ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် စျေးကွက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြစ်ကြီးနား ပိုးစာခြံ၏ ပိုးမွေးမြူရေးလုပ်ငန်းနှင့် တောင်သူနည်းပညာပေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရိုးရာအဝတ်အထည်များတွင် အမြတ်တနိုးတန်ဖိုးထားသုံးစွဲသည့် ပိုးချည်ထုတ်လုပ်နိုင်ရေးအတွက် ပိုးမွေးတောင်သူများ တိုးပွားလာရေး၊ တစ်နှစ်ပတ်လုံး ပိုးစာပင်ဖြစ်ထွန်းသည့် ရာသီဥတုအခြေအနေရှိ၍ စီးပွားဖြစ်ထုတ်လုပ်သည့် ဒေသထွက်ကုန်တစ်ခုအဖြစ် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်သစ်ခွစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၏ ဖရစ်ရှန် နို့စားနွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ တိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် နို့နှင့် နို့ထွက်ပစ္စည်း တန်ဖိုးမြင့်ကုန်ချောများထုတ်လုပ်ရေး အားပေးပြောကြားပြီး မွေးမြူရေးသုံးဆေးဝါးများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တောင်ကြီးမြို့နယ် သမဝါယမ အသင်းစုမှ မြေပဲဆီသန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ

တောင်ကြီး မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် သမဝါယမအသင်းစုမှ အေးသာယာစက်မှုဇုန်ရှိ အသင်းစုပိုင် ဂိုဒေါင်တွင် အရည်အသွေးပြည့်မီသော မြေပဲဆန်များကိုဝယ်ယူ၍ တောင်ကြီးသမဝါယမအသင်းစုပိုင် ဆီစက်မှ တစ်နေ့လျှင် မြေပဲဆီသန့် ပိဿာချိန် ၄၀ ထုတ်လုပ်လျက်ရှိသည်။ တောင်ကြီးမြို့နယ်သမဝါယမအသင်းစုမှ ထုတ်လုပ်ရရှိသော မြေပဲဆီသန့်များကို ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်မှ အသင်းသားပြည်သူများသို့ လက်လီလက်ကားစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး နိုင်ငံတော်၏ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို သမဝါယမကဏ္ဍက တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၁

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)၌ ကုမ္ဗဏီတစ်ခုမှ Digital Blood Pressure Monitor ၁၅၀၀၊ Thermometer ဖ၅၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော် ဘူတာကြီးရှိ ပုဗ္ဗသီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ ၊ အရာထမ်း/အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

စတင်ပြေးဆွဲ

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ယနေ့သည် မြန်မာ့မီးရထား၏ (၁၄၅)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ပထမဦးဆုံးရထားလမ်းကို ၁၈၇၇ ခုနှစ် မေ ၁ ရက်တွင် ရန်ကုန်–ပြည် ရထားလမ်းပိုင်း ၁၆၁ မိုင်ခရီးကို စတင်ပြေးဆွဲခဲ့ပါကြောင်း၊ ခေတ်စနစ်များ အမျိုးမျိုးပြောင်းလဲလာသည်နှင့်အမျှ Burma Railway Company၊ မီးရထားဘုတ်အဖွဲ့၊ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်းဟု အမည်များ အဆင့်ဆင့်ပြောင်းလဲလာခဲ့ပြီး ၁၉၈၉ ခုနှစ် ဧပြီ ၁ ရက်တွင် ရထားပို့ဆောင်ရေးကော်ပိုရေးရှင်းအမည်မှ မြန်မာ့မီးရထားဟု ပြောင်းလဲပြင်ဆင်ခဲ့ပါကြောင်း၊ မြန်မာ့မီးရထားဖြတ်သန်းခဲ့သည့် (၁၄၅)နှစ် ခရီးတစ်လျှောက်တွင် ခေတ်စနစ်များ အမျိုးမျိုးပြောင်းလဲခဲ့သော်လည်း မြန်မာ့မီးရထားဝန်ထမ်းများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ တို့ဖြင့် ပို့ဆောင်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသောကြောင့် နိုင်ငံတော်၏ ပို့ဆောင်ရေးလိုအပ်ချက်များကို ယခုတိုင် ဖြည့်ဆည်းပေးနိုင်နေဆဲဖြစ်ပါကြောင်း၊ ရထားစီးခရီးသည်များ သက်သောင့်သက်သာ ခရီးသွားလာနိုင်ရန် ရထားလမ်းပိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် စက်ခေါင်းများ၊ တွဲများ အရည်အသွေးပြည့်မီ၍ စံချိန်စံညွှန်းကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် လျှပ်စစ်ရထားစနစ်ကို အသုံးပြုနိုင်ရန် ကြိုတင်စဉ်းစားဆောင်ရွက်ရေး၊

စက်ခေါင်းနှင့်တွဲများ တည်ဆောက်ရေးအတွက် ပြည်ပမှ လိုအပ်သော ပစ္စည်းများဝယ်ယူနေရမှုကို တဖြည်းဖြည်းလျှော့ချပြီး ပြည်တွင်းမှ အစားထိုးထုတ်လုပ်အသုံးပြုနိုင်ရေး၊ မြန်မာ့မီးရထားတွင် Research and Devlopment Center တစ်ခုထူထောင်နိုင်ရေး စသည်တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် “ပို့ဆောင်ဆက်သွယ်ပြည်ကျိုးရွယ်”ဟူသည့် ဆောင်ပုဒ်နှင့်အညီ ခရီးသည်နှင့် ကုန်စည်များကို လုံခြုံချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရေး ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့မီးရထား၊ ဦးဆောင်ညွှန်ကြားရေးမှူးက ဌာနဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီးနောက် မြန်မာ့မီးရထား၏ (၁၄၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်တာကာလအတွင်း စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များအား ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်များအနက် ရဲဗလတံဆိပ်ရရှိသူ အရာထမ်း၊ အမှုထမ်းရှစ်ဦးတို့ကို ထပ်ဆင့်ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများကိုပေးအပ်ပြီး သင်တန်းအသီးသီးတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ရာ ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမင်္ဂလာခန်းမအတွင်းရှိ မြန်မာ့မီးရထား ပြခန်းအတွင်း ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် ရထားစက်ခေါင်းတွဲများ၏ ပုံစံတူများ၊ အချက်ပြဆက်သွယ်ရေးသုံးကိရိယာများ၊ အချက်ပြစနစ်ဆိုင်ရာပစ္စည်းများ၊ သံလမ်းနှင့် ဧလီဖားတုံးများ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်

လင်းခေး မေ ၁

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ် ဝမ်စလောင်းကျေးရွာအုပ်စုတွင် ဧပြီ ၂၉ ရက်က သဘာဝဘေးဒဏ်လေဘေးဖြစ်ပွားမှုကြောင့် ယိုယွင်းပျက်စီးသွားသော ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းတိုက် အမိုးသွပ်များလန်ခြင်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ယမန်နေ့ညနေပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လက်ခံရယူ

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်လှမိုးတို့က ထောက်ပံ့ငွေများ ပေးအပ်ရာ ဒေသခံပြည်သူတစ်ဦးနှင့် ဆရာတော်တစ်ပါးတို့က လက်ခံရယူသည်။

ဆက်လက်၍ ဒေသခံပြည်သူများအတွက် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ သာသနိကအဆောက်အအုံပစ္စည်းဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်းငွေကျပ် ၁၀၄ဒေါ်လာ၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ၄၀၄၄၀၀၀ ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် လင်းခေးမြို့နယ် မအွန်လောင်းကျေးရွာအုပ်စု တိယာယိမ်းကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော နမ့်တိမ်းချောင်းကူး ဘေလီတံတားအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ နမ့်တိန်းချောင်းကူး ဘေလီတံတား အကျယ် ၃ ဒသမ ၇၅၇ မီတာ၊ ယာဉ်သွားလမ်း ယာဉ်တစ်စီးချင်း ၁၄ တန်ဖြစ်ကြောင်း သိရသည်။ အကျယ် ၃ ဒသမ ၁၅ မီတာ၊ တံတားခံနိုင်ဝန်

ပြည်နယ်(ပြန်/ဆက်)

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သက်ကြီးပူဇော်ပွဲနှင့် သွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပ

မန္တလေး မေ ၁

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သက်ကြီးပူဇော်ပွဲနှင့် စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းအေးသာစံမြို့နယ် (၂၉)လမ်းနှင့် (၈၁)လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဗဟိုမီးသတ်မျှော်စင်တွင် ဆိုင်းဘုတ်တင်ခြင်း အခမ်းအနားကို တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးနှင့် သန္ဓေ၊ အရန်မီးသတ်အရာရှိကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ သန္ဓေ(အငြိမ်းစား) မီးသတ်ဝန်ထမ်းဟောင်း ၁၀ ဦးနှင့် အသက် ၇၀ နှင့်အထက် လက်ရှိတာဝန်ထမ်းဆောင်နေသူ အရန်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ၁၆ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၈၅၀၀၀ နှုန်းဖြင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကန်တော့ကြသည်။

ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ အမျိုးသားသွေးလှူဘဏ်တွင် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းရာ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က လိုက်လံကြည့်ရှုပြီး သွေးလှူရှင်များကို ကြက်ဥ ၁၀ လုံးနှင့် သံဓာတ်ပါအားဆေးများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မေ ၁

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင် အမျိုးသား အမျိုးသမီး ၁၀၀ ကျော်တို့က ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ စုပေါင်းသွေးလှူဒါန်းသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းမှုကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၊ အမှတ်(၂) တပ်မတော် ဆေးရုံအုပ်ကြီး ဗိုလ်မှူးကြီး ဇော်မျိုးဟန်၊ ဒုတိယ ဆေးရုံအုပ်ကြီး ဗိုလ်မှူးကြီး လွမ်းမိုးနှင့် တပ်မတော်ဆေးရုံမှ အရာရှိများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိများက ကြည့်ရှုအားပေးပြီး သွေးလှူရှင်တပ်ဖွဲ့ဝင်များအား ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အမှတ်(၂) တပ်မတော်ဆေးရုံအုပ်ကြီး ဗိုလ်မှူးကြီး ဇော်မျိုးဟန်တို့က အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်သည်။

ညိမ်းသူ(သတင်းစဉ်)

(၇၆)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ဦးဆောင်၍ တိုင်း/ခရိုင်/မြို့နယ်သန္ဓေ/အရန်တပ်ဖွဲ့ဝင် ၇၅ ဦးတို့သည် မေ ၁ ရက် နံနက် ၈ နာရီတွင် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ၊ ပဲခူးတပ်နယ်မှူး ဗိုလ်မှူးကြီး ဆန်းညွှန့်လှိုင်တို့က သွေးလှူရှင်များအား သွေးအားပြည့်အချိုရည်နှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၁

ဘဂ်လားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၇ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော် ရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေသပ္ပာယ်ခြင်းလုပ်ငန်းများကို မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ဆောင်ရွက်ကြသည်။

ဆက်လက်၍ နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံ၌ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားပြီး အာဟာရပြည့်အစားအစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

ကြေးမုံ

မြန်မာ့အာမခံမှရောင်းချသည့် သူတစ်ပါးထိခိုက်မှုအာမခံကို Mobile Application အသုံးပြု၍ ဝယ်ယူနိုင်သည့်ဝန်ဆောင်မှု

ပြည့်ဖြိုးအောင် (စီမံ/ဘဏ္ဍာ)

မြန်မာနိုင်ငံရှိ အာမခံလုပ်ငန်းနယ်ပယ် (Insurance Industry) တွင် နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းအပါအဝင် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကအာမခံကုမ္ဗဏီ ၂၅ ခုတို့က အာမခံအမျိုးအစားများစွာကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိသော အာမခံအမျိုးအစားများကို Website၊ Mobile Application များမှတစ်ဆင့် MPU ကတ်အား အသုံးပြု၍ အွန်လိုင်းမှ ငွေပေးချေဝယ်ယူခြင်း (Online Payment)၊ မိုဘိုင်းဖုန်းများမှတစ်ဆင့် QR Code အသုံးပြု၍ ငွေပေးချေဝယ်ယူခြင်း (Mobile Payment) အစရှိသည့်စနစ်များဖြင့် စတင်ဝယ်ယူနိုင်သည့် မိတ်ဆက်ပွဲအခမ်းအနားကို ၈-၇-၂၀၂၁ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လုပ်ငန်းနယ်ပယ်/ကဏ္ဍမျိုးစုံတွင် အိုင်စီတီနည်းပညာကို တွင်တွင်ကျယ်ကျယ် အကျိုးရှိရှိအသုံးပြု၍ အများပြည်သူ ပိုမိုအဆင်ပြေချောမွေ့စေရန် ဝန်ဆောင်မှုပေးလျက်ရှိကြရာ မိမိတို့နိုင်ငံသည်လည်း ခေတ်နှင့်အမီ လိုက်ပါနိုင်အောင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြပါသည်။

ယခုအခါ မြန်မာ့အာမခံလုပ်ငန်း၏ အွန်လိုင်းစနစ်ဖြင့် အာမခံဝန်ဆောင်မှုများအား စတင်လုပ်ဆောင်မှုသည် အများပြည်သူနှင့်ထိတွေ့၍ ဝန်ဆောင်မှုပေးလျက်ရှိသော အခြားလုပ်ငန်းအဖွဲ့အစည်းများစွာကို ၎င်းတို့၏ ဝန်ဆောင်မှုပေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် အိုင်စီတီနည်းပညာဖြင့် စဉ်းစားတွေးတောကြံဆ၍ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေးစီမံချက်များ ချမှတ်ကာ လုပ်ဆောင်ကြရန် လိုအပ်လျက်ရှိသည်ကို မီးမောင်းထိုးပြရာလည်း ရောက်ပါသည်။ ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်းမှာလည်း အိုင်စီတီနည်းပညာသုံးလုပ်ငန်းအဖွဲ့အစည်းများသည် အခက်အခဲကြီးကြီးမားမား မတွေ့ရှိဘဲ စဉ်ဆက်မပြတ် လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်သွားကြသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပြီး နည်းပညာ၏ အကျိုးကျေးဇူးများကို မြင်တွေ့ရမည်ဖြစ်ပါသည်။

နည်းပညာသုံးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းတစ်ခုဆီသို့

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အတူ မြန်မာ့အာမခံလုပ်ငန်းသည် အာမခံအမျိုးအစားများစွာကို အခြားကုမ္ဗဏီများ နည်းတူ အများပြည်သူ လွယ်ကူလျင်မြန်စွာအသုံးပြုနိုင်ရေးကို ရည်ရွယ်၍ အာမခံလုပ်ငန်းစနစ်များ စုစည်းမြှင့်တင်ခြင်းစီမံကိန်း (Integrated Insurance Solution Project) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းကာလကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ငါးနှစ်တာသတ်မှတ်ထားပြီး လုပ်ဆောင်ခဲ့ရာ ယခုအခါ ရုပ်လုံးပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါသည်။ စီမံကိန်းကာလ ပထမနှစ်ပြီးမြောက်ချိန်တွင် သူတစ်ပါးထိခိုက်မှုအာမခံနှင့် ခရီးသွားအာမခံအမျိုးအစားနှစ်မျိုးကို မြန်မာ့အာမခံလုပ်ငန်း ဝက်ဘ်ဆိုက် (Website) နှင့် Mobile Application များမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပြီဖြစ်ပါသည်။ သူတစ်ပါးထိခိုက်မှု အာမခံ ပရီမီယံကြေးပေးသွင်းခြင်းကို ၁-၇-၂၀၂၁ ရက်နေ့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး (မြင်သာ)၌ စတင်နိုင်ခဲ့ပြီး ၁-၁၀-၂၀၂၁ ရက်နေ့တွင် မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) ၌ စတင်နိုင်ခဲ့ပါသည်။

သို့ဖြစ်၍ အာမခံအမျိုးအစားများအား ဝယ်ယူလိုသည့် အများပြည်သူအနေဖြင့် မိမိတို့ ရွေးချယ်ဝယ်ယူလိုသော အာမခံအမျိုးအစားများကို ပိုမို၍ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်စေရန်နှင့် ယခုကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာမခံထားရှိသူများအနေဖြင့်လည်း လူကိုယ်တိုင်သွားရောက်၍ ပရီမီယံကြေးများကို ပေးသွင်းရန် မလိုအပ်တော့ဘဲ Online / Mobile Payment



များဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပါသည်။ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံကြေးကို အချိန်၊ နေရာမရွေး ပေးသွင်းနိုင်ရန်အတွက် KBZ Pay၊ CB Pay၊ OK$ အစရှိသည့် Mobile Application များကို အသုံးပြု၍ဖြစ်စေ၊ မည်သည့် MPU Card ကို အသုံးပြု၍ဖြစ်စေ Online Payment ဖြင့် ငွေပေးသွင်းနိုင်ရန် မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

မြန်မာ့အာမခံလုပ်ငန်းကို စတင်တည်ထောင်ခဲ့စဉ်ကတည်းက ဝန်ထမ်းအင်အားဖြင့် လူသားအသုံးပြုစနစ် (Manual System) ကိုသာ အသုံးပြုလျက် အများပြည်သူကို ဝန်ဆောင်မှုပေးခဲ့ရာမှ ယခုအခါ ပြောင်းလဲတိုးတက်လာသည့် အိုင်စီတီနည်းပညာသုံးစနစ် (ICT System) ကို ထိထိရောက်ရောက်အသုံးချကာ အာမခံဝန်ဆောင်မှုများကို အလွယ်တကူ အွန်လိုင်းမှတစ်ဆင့် အာမခံအမျိုးအစားများအားလုံးကို ဝယ်ယူခြင်း၊ ငွေပေးချေခြင်းကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချိတ်ဆက်လုပ်ဆောင်နိုင်တော့မည် ဖြစ်ပါသည်။ အဆိုပါ ပြောင်းလဲမှုကြောင့် ယခင်က မြန်မာ့အာမခံလုပ်ငန်းရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ အာမခံပရီမီယံကြေးပေးသွင်းခြင်းကို ဆောင်ရွက်ရခြင်းများ နောင်တွင် မရှိနိုင်တော့ပါ။

အွန်လိုင်းမှ လွယ်ကူစွာဝယ်ယူနိုင်ရန် သိရှိထားသင့်သည်များ

ပထမဦးစွာ အွန်လိုင်းမှတစ်ဆင့် မြန်မာ့အာမခံလုပ်ငန်း၏ Mobile Application များကို Apple Store (သို့မဟုတ်) Google Play Store တို့မှ မိမိ၏ဖုန်းထဲသို့ Download ရယူထားရမည်ဖြစ်ပါသည်။ ငွေပေးချေမှုပြုလုပ်ရာတွင် MPU ကတ်ကိုင်ဆောင်ထားသူများအနေဖြင့် မည်သည့်ဘဏ်များနှင့်မဆို ချိတ်ဆက်အသုံးပြုနိုင်သည်ဟု သိရှိရပြီး KBZ Pay၊ CB Pay၊ OK$ အစရှိသည့် Mobile Application များဖြင့်လည်း အလွယ်တကူ ငွေပေးချေမှုများ လုပ်ဆောင်နိုင်ကြောင်း သိရှိရပါသည်။ လုပ်ဆောင်မှု ဆိုင်ရာ နည်းလမ်းများကို မြန်မာ့အာမခံလုပ်ငန်း၏ ဝက်ဘ်ဆိုက် (Website) စာမျက်နှာနှင့် Facebook Page များတွင်လည်း အသေးစိတ် ကြည့်ရှုလေ့လာနိုင်ပါသည်။

သူတစ်ပါးထိခိုက်မှုအာမခံ ပရီမီယံကြေးပေးဆောင်သူသည် ယခင်က မြန်မာ့အာမခံလုပ်ငန်းမှ ထုတ်ပေးထားသည့် အာမခံစာအုပ် (အစိမ်းရောင်) ကို တရားဝင်ပြန်လည်ပေးအပ်၍ QR Code ပါရှိသည့် စာရွက်နှစ်ရွက် (Third Party Premium Insurance Certificate) ကို လက်ခံရရှိမည် ဖြစ်ပါသည်။ စာရွက်များ၏ ဘယ်ဘက်ထောင့်တွင် "For RTA" နှင့် "For Owner" ဟူ၍ ပါရှိမည်ဖြစ်ပြီး "For RTA" ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန (ကညန) သို့ ပေးအပ်ရန်ဖြစ်ပြီး "For Owner" ဆိုသည်မှာ မော်တော်ယာဉ်ပိုင်ရှင် သိမ်းဆည်းထားရန် ဖြစ်ပါသည်။ အကယ်၍ စာရွက်ပျောက်ပျက်သွားခဲ့လျှင်ပင် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (Owner Book) ကိုသာ ယူဆောင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန (ကညန) သို့ သွားရောက်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပရီမီယံကြေးပေးဆောင်ထားသည့်အချက်အလက် (Data) များသည် အွန်လိုင်းမှတစ်ဆင့် ကွန်ပျူတာစနစ်ထဲသို့ ရောက်ရှိနေသောကြောင့် ဖြစ်ပါသည်။ မိမိအိမ်၌ အွန်လိုင်း(Online) မှတစ်ဆင့် ပေးဆောင်မည်ဆိုပါကလည်း ပေးဆောင်ပြီးကြောင်း အထောက်အထားအား Print ထုတ်၍လည်းကောင်း၊ ဓာတ်ပုံမှတ်တမ်းဖြင့် ဖုန်းထဲတွင်သိမ်းဆည်း၍လည်းကောင်း ယူဆောင်သွားရန်သာ လိုအပ်ပါသည်။

သူတစ်ပါးထိခိုက်မှုအာမခံကို Online မှတစ်ဆင့် ဝယ်ယူရာတွင် QR Code ကို အသုံးပြု၍ အာမခံပရီမီယံကြေးပေးသွင်းခြင်းနှင့် MPU ကတ်ကို အသုံးပြု၍ အာမခံပရီမီယံကြေး ပေးသွင်းခြင်းဟူသည့် ရွေးချယ်မှုပုံစံနှစ်မျိုးဖြင့် အာမခံဝန်ဆောင်မှုကို ရယူဆောင်ရွက်နိုင်သည်ဖြစ်ရာ မြန်မာ့အာမခံလုပ်ငန်း၏ Mobile Application ကို အသုံးပြု၍ လည်း အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ပါသည်။

QR Code ကို အသုံးပြု၍ အာမခံပရီမီယံကြေးပေးသွင်းခြင်း

သူတစ်ပါးထိခိုက်မှု အာမခံအမျိုးအစားအား ဝယ်ယူရန်အတွက် မြန်မာ့အာမခံလုပ်ငန်း မိုဘိုင်းအက်ပလီကေးရှင်း၏ "အာမခံဝယ်ယူရန်"ကို ရွေးချယ်၍ သူတစ်ပါးထိခိုက်မှုအာမခံတွင် မိမိ၏ မော်တော်ယာဉ်အမှတ်ကို ထည့်သွင်းရှာဖွေရမည်ဖြစ်ပြီး ဝယ်ယူလိုသည့်မော်တော်ယာဉ်၏ အချက်အလက်များကို ပထမဦးစွာ တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်သည်။ ထို့နောက် ငွေပေးသွင်းရန်အတွက် ငွေပေးချေမှုအမျိုးအစားကို ရှာဖွေ၍ အာမခံဝယ်ယူရန် အချက်အလက်များကို စစ်ဆေးပြီး မှန်ကန်ပါက ဝယ်ယူရန် အတည်ပြုရပါမည်။ အာမခံပရီမီယံကြေးပေးသွင်းရန်သေချာပါက "Yes" Button ကို ရွေးချယ်ရမည်ဖြစ်ပါသည်။ QR Code အား Scan ဖတ်နိုင်ရန်အတွက် Save QR ဖြင့် မိမိဖုန်းထဲသို့ သိမ်းဆည်းရပါမည်။ ထို့နောက် KBZ Pay၊ CB Pay၊ OK$ Application ထဲသို့ ဝင်ရောက်၍ ယခု QR Code အား Scan ဖတ်ပြီး အာမခံပရီမီယံကြေးပေးသွင်းနိုင်ပြီ ဖြစ်ပါသည်။ အဆိုပါလုပ်ဆောင်မှုများသည် QR Code ကို အသုံးပြု၍ အာမခံပရီမီယံကြေးပေးသွင်းခြင်းအတွက် သိရှိထားရမည့်အချက်များ ဖြစ်ပါသည်။

MPU ကတ်ကို အသုံးပြု၍ အာမခံပရီမီယံကြေးပေးသွင်းခြင်း

မြန်မာ့အာမခံလုပ်ငန်းဝက်ဘ်ဆိုက် (www.mminsurance.gov.mm) ရှိ "Buy Online" ကို ရွေးချယ်၍ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံ ဝယ်ယူမှု၌ ကနဦးအနေဖြင့် အထက်ပါအတိုင်း တူညီစွာဖြင့် သူတစ်ပါးထိခိုက်မှုအာမခံအမျိုးအစားအား ဝယ်ယူနိုင်ရန်အတွက် ဝယ်ယူလိုသည့်မော်တော်ယာဉ်အမှတ်ကို ထည့်သွင်းရှာဖွေရမည်ဖြစ်ပြီး မော်တော်ယာဉ်၏ အချက်အလက်များကို အတည်ပြု စစ်ဆေးကာ မှန်ကန်ပါက ငွေပေးချေနိုင်ရန် ငွေပေးချေမှုအမျိုးအစားကို ရှာဖွေရပါမည်။ ထို့နောက် အာမခံဝယ်ယူရန် အချက်အလက်များကို တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက ဝယ်ယူရန် ဆက်လက်လုပ်ဆောင်ရပါမည်။ အာမခံပရီမီယံကြေးပေးသွင်းရန် သေချာပါက "Yes" Button ကို ရွေးချယ်၍ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ MPU ကတ်ဖြင့် ငွေပေးချေနိုင်ရန်အတွက် ကတ်အမှတ် (Card Number)၊ ကုန်ဆုံးမည့်နေ့ရက် (Exp Date) နှင့် လျှို့ဝှက်နံပါတ် (One-time-Password-OTP) တို့ကို ထည့်သွင်းရမည်ဖြစ်ပြီး ငွေပေးသွင်းမှု အောင်မြင်စေရန် "Confirm Payment"ကို ရွေးချယ်ရမည်ဖြစ်သည်။ Payment Status တွင် Approveဖြစ်လျှင် "Continue" Button ကို ရွေးချယ်ပါက အာမခံပရီမီယံကြေးပေးသွင်းခြင်းလုပ်ငန်းစဉ် ပြီးဆုံးပြီ ဖြစ်ပါသည်။

စာမျက်နှာ ၉ သို့ ○

အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားလူရည်ချွန်များ ပေါ်ထွန်းလာပြီး အနာဂတ်တွင် ပခုံးပြောင်း တာဝန်ထမ်းဆောင်မည့် စွမ်းရည်ပြည့်ဝသော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်

ရန်ကုန် မေ ၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် နွေရာသီ အားကစားသင်တန်းနှင့် လူငယ်ရေးရာအသိပညာ ပေးဟောပြောပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီကသင်္ဃန်းကျွန်းမြို့နယ်အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖိုးသိန်းက နွေရာသီကျောင်းပိတ်ရက်အတွင်း ဝါသနာပါရာ အားကစားနည်းကို အခြေခံမှစပြီး စနစ်တကျ သင်ကြားတတ်မြောက်လာစေရန်နှင့် ထူးချွန်သောမျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းတွင် အားကစားနည်း ၂၀ ကို အခြေခံမှစ၍ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကာ နောင်တစ်ချိန်တွင် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားလူရည်ချွန်များ ပေါ်ထွန်းလာပြီး အနာဂတ်တွင် ပခုံးပြောင်း တာဝန်ထမ်းဆောင်မည့် စွမ်းရည်ပြည့်ဝသော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမျိုးသား အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မွေးထုတ်ပေးရေး၊ အရှေ့တောင်အာရှဖွယ်သည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်စေရန်ရည်ရွယ်ပါကြောင်းနှင့် နည်းပြဆရာများကလည်း စေတနာအပြည့်အဝထားပြီး သင်ကြားပေးရန် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ အေရိုးဗစ်၊ ရိုးရာခြင်းလုံး၊ တိုက်ကွမ်ဒို၊ ကျွမ်းဘားအားကစားအဖွဲ့ချုပ်များက အားကစားစွမ်းရည်များ သရုပ်ပြသကြသည်။၂၀၂၂ နွေရာသီ အားကစားသင်တန်း(ရန်ကုန်)တွင် ပြေးခုန်ပစ်၊ ဂျူဒို၊ သိုင်း၊ စားပွဲတင်တင်းနစ်၊ ဟော်ကီ၊ ရိုးရာလက်ဝှေ့၊ ကျွမ်းဘား၊ ဘိုးလင်း၊ ကာယကြံ့ခိုင်မှု၊ တင်းနစ်၊ သေနတ်ပစ်၊ ရွက်လှေ၊ ကမ်ပို၊တိုက်ကွမ်ဒို၊ လက်ဝှေ့၊ ဘော့စ်ဘောဘောလုံး၊ ပိုက်ကျော်ခြင်း ၊ ဘတ်စကက်ဘော၊ ခရစ်ကက် အားကစားနည်း ၂၀ ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တောင်သူများ ရေအလေအလွင့်နည်းပါးစေရေး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိစစ်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ပြီး ဝင်ငွေတိုးတက်စေမည်

မကွေး မေ ၁

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းက တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၁-၂၀၂၂ နွေစပါး Drum Seeder စနစ်ဖြင့် စိုက်ပျိုး ထားသည့် ဝက္ကသေးကျေးရွာ ဧက ၁၀၀ စံပြကွက် တင်း ၁၂၀ နှင့်အထက် ထွက်ရှိရေး ဝက္ကသေး ကျေးရွာအုပ်စု ကွင်းအမှတ် (၂၆၀၀) တောင်သူ ဦးဇေယျာဦးနှင့် ဦးမျိုးမင်းထွန်းတို့၏ စိုက်နည်းစနစ် စမ်းသပ်လယ်ကွက်များအနီးတွင် ဒေသခံတောင်သူ လယ်သမားများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မျိုးအေးက နွေစပါး Drum Seeder စနစ်ဖြင့် စိုက်ပျိုးထားသော ဧက ၁၀၀ စံပြစိုက်ခင်းတွင် တင်း ၁၂၀ နှင့်အထက် ထွက်ရှိရေး ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံတောင်သူများအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်စနစ်မှန်ကန်စေရေးနှင့် စပါးအထွက်တိုးရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီပေးရန် မှာကြားကာ တက်ရောက်လာသော တောင်သူကြီးများ၏ သိရှိလိုသည့် တင်ပြဆွေးနွေးမှုများနှင့်ပတ်သက်၍ တောင်သူများ စိုက်ပျိုးရေပြည့်ဝစွာ ရရှိရေးအတွက် ဆည်ရေသောက်စနစ်များ ပြန်လည်ပြုပြင်ပြီး အထက်/အောက် ရေလှည့်စနစ် သတ်မှတ်၍ စနစ်တကျ ရေပေးဝေမည်ဖြစ်သည့်အတွက် တောင်သူများက ရေအလေအလွင့်နည်းပါးစေရေး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိစစ်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ပြီး တောင်သူများ ဝင်ငွေတိုးတက်၍ လူနေမှုအဆင့် အတန်းမြင့်မားကာ အလုပ်အကိုင် အခွင့်အလမ်းများ ခံစားရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာသော တောင်သူ ၅၇ ဦးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ငွေများ ပေးအပ်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နွေစပါးဧက ၁၀၀ စံပြ စိုက်ကွက်အား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❍ စာမျက်နှာ ၈ မှ

ရရှိလာသည့် အကျိုးကျေးဇူးများ

မြန်မာ့အာမခံလုပ်ငန်း၏ ပြုပြင်ပြောင်းလဲမှုမှ သည် အများပြည်သူအတွက်၊ နိုင်ငံတော်အတွက်၊ အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးမြောက်မြားစွာ ရရှိလာမည်ကို မြင်တွေ့ရမည်ဟု ယုံကြည်မိပါသည်။ နိုင်ငံတော်အတွက်ဆိုရလျှင် လုပ်ငန်းနယ်ပယ်တစ်ခု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိစေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်စေခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ စျေးကွက်စီးပွားရေးအတွင်း ကောင်းမွန်သော ယှဉ်ပြိုင်မှုကို ဖန်တီးပေးခြင်း၊ အဆိုပါလုပ်ငန်းနယ်ပယ်နှင့်စပ်ဆက်သည့် အခြားသောလုပ်ငန်းနယ်ပယ်များနှင့် စီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

အများပြည်သူအတွက်ဆိုရလျှင် ဥပမာအားဖြင့်ယခင်ကမော်တော်ယာဉ်တစ်စီးသက်တမ်းတိုးမည်ဆိုပါက အာမခံပရီမီယံကြေး ပေးဆောင်နိုင်ရန် သွားရောက်ရခြင်း၊ တန်းစီရခြင်း၊ အာမခံပရီမီယံကြေး ပေးဆောင်ရမည့်အချက်အလက်များကို တန်းစီ၍ဖြည့်စွက်ရခြင်း အစရှိသည်တို့ကြောင့် မလိုလားအပ်သည့် အချိန်ကုန်၊ လူပင်ပန်းရသည့်ဖြစ်စဉ်များ ရှိခဲ့ပါသည်။ ယခုအခါ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (ကညန) သို့ မသွားရောက်မီ ရက်ပေါင်း ၉၀ (သုံးလ)အတွင်း ပေးသွင်း၍ ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ အွန်လိုင်းစနစ်ဖြင့် ပြောင်းလဲလိုက်မှုကြောင့် မိမိတို့နေအိမ်မှ ဖြစ်စေ/ရောက်ရှိသည့်နေရာ ဒေသများတွင် ဖြစ်စေ အင်တာနက်အသုံးပြု၍ မိုဘိုင်းဖုန်းမှတစ်ဆင့် အလွယ်တကူ ငွေပေးသွင်းနိုင်ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လူများစွာနှင့် ထိတွေ့ဆက်ဆံနေရမှုကိုလည်း လျော့နည်းသွားစေမည်ဖြစ်သည့်အတွက် ရောဂါကူးစက်မှုများကိုလည်း တစ်ဖက်တစ်လမ်းမှ လျော့ပါးစေရန် အထောက်အကူပြုစေမည်ဖြစ်ပါသည်။

"အာမခံအမျိုးအစားများအား ဝယ်ယူလိုသည့် အများပြည်သူအနေဖြင့် မိမိတို့ရွေးချယ်ဝယ်ယူလိုသော အာမခံအမျိုးအစားများကို ပိုမို၍အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်စေရန်နှင့် ယခုကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာမခံထားရှိသူများအနေဖြင့်လည်း လူကိုယ်တိုင်သွားရောက်၍ ပရီမီယံကြေးများကို ပေးသွင်းရန်မလိုအပ်တော့ဘဲ Online/Mobile Payment များဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပါသည်။ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံကြေးကို အချိန်၊ နေရာမရွေး ပေးသွင်းနိုင်ရန်အတွက် KBZ Pay၊ CB Pay၊ OK$ အစရှိသည့် Mobile Application များကို အသုံးပြု၍ဖြစ်စေ၊ မည်သည့် MPU Card ကို အသုံးပြု၍ဖြစ်စေ Online Payment ဖြင့် ငွေပေးသွင်းနိုင်ရန် မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိ"

ဌာနတွင် ဒေသခံ ရပ်ရွာ၊ ကျေးရွာ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ကူညီ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ကိုဗစ်-၁۹ ကပ်ရောဂါကာလ ကာကွယ်ရေးနှင့် ကုစားရေးတို့ကို ထိရောက်စွာ ဆောင်ရွက်ခဲ့ကြပြီး ကိုယ်ပိုင်ကိုယ်ကျင့်ကျင့်ကြံ ကာကွယ်ခြင်းနှင့် ကိုယ်ပိုင်ကုသခြင်းတို့ကို ကျင့်သုံးခဲ့ကြပြီး ကိုယ်ပိုင်ကုသခြင်းတွင် ကိုယ်ပိုင်ကုသခြင်းနည်းလမ်းများ

အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့် ငွေကြေးစျေးကွက်တည်ငြိမ်မှုသည် များစွာ အရေးပါသည့်အတွက် ပြည်တွင်းရွှေနှင့် ငွေကြေးစျေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးစျေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**ကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးစျေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစီစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးစျေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ စျေးကစားခြင်း ပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့်ငွေကြေးစျေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**၏ တိုင်ကြားစာစီစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရွှေနှင့် ငွေကြေးစျေးကွက်စောင့်ကြည့်၊
ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ

မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁۶)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသ ဆောင်ရွက်ရသည့်လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀۶:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစားထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

စားအုန်းဆီဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ စျေးကစားခြင်းများ ပြုလုပ်ပါက အရေးယူမည်

မေ၂ ရက်မှ မေ ၈ ရက်အထိ ရန်ကုန်အထိုင်စျေး အခြေခံလက်ကားရည်ညွှန်းစျေးနှုန်း စားအုန်းဆီတစ်ပိဿာ ၆၀၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့စျေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်စျေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB စျေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းစျေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စားအုန်းဆီစျေးနှုန်းများ မြင့်တက်လာပြီး တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB စျေးနှုန်းများ အပေါ်အခြေခံ၍ တွက်ချက်မှုအရ ၂၀၂၂ ခုနှစ် မေ ၂ ရက်မှ မေ ၈ ရက်အထိ ရန်ကုန်အထိုင်စျေး အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၀၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းစျေးကွက်အတွင်း စျေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ စျေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

အင်းစိန်မြို့နယ် လူထုအခြေပြုဗဟိုဌာနခွဲ စာဖတ်ဝိုင်း ပြုလုပ်

ရန်ကုန် မေ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်)နှင့် မြို့နယ် စာပေဥယျာဉ်-စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းတို့ပူးပေါင်း၍ ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပရာ အင်းစိန်မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ အသင်းနာယက ဆရာကြီးဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် မြို့နယ်သတင်းစာဆရာ အသင်းနှင့် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အသင်းအတွင်းရေးမှူး မြို့နယ်စာရေးဆရာ ရွှေမော်သန်းထိုက်၊ စာရေးဆရာ မောင်ပန်းဝေ (ညောင်တုန်း)နှင့် စာရေးဆရာမ ခင်နွဲ့မူ (အင်းစိန်)တို့က ၎င်းတို့လေ့လာဖတ်ရှုခဲ့ကြသော စာပေအတွေ့အကြုံဗဟုသုတများကို စိတ်ဝင်စားဖွယ်ဆွေးနွေးတင်ပြကြပြီး စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ လှမိုးနိုင်၊ စာရင်းစစ် အရာခံဗိုလ်သစ်လွင် (ငြိမ်း)၊ အသင်းနာယက သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)နှင့် စိန်ညိုမင်း (ထန်းတပင်) တို့က သိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း စာပေအမြင်ချင်း ဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

ကလေးဝမြို့နယ်အတွင်းရှိ ကျေးရွာ ၅၉ ရွာအား အကျိုးပြုမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

ကလေးဝ မေ ၁

နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၅၄ ဒသမ ၅၇၀ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး

ကလေးခရိုင် ကလေးဝမြို့နယ်အတွင်းရှိ ကျေးရွာ ၅၉ ရွာအား အကျိုးပြုမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ကလေးဝမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အများဆုံးအသုံးပြုလျက်ရှိသည့် ရှမ်းစု-ဟဲဒေါင်း-ကျခတ္တောလက်ပံခုံလမ်း (၄/၃)မိုင်ပေါ်တွင် (၂၀ x ၁၄) ပေအကျယ် ကွန်ကရစ်တံတားတစ်စင်း၊ (၅ x ၅ x ၂۶)ပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်းနှင့် အင်ဒုတ်-ရှဲဂမ်း-နန်းပင်-နန်းကလက်လမ်း (၇/၀)မိုင်ပေါ်တွင် (၅x၅x၂۶)ပေ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားနှင့် Box Culvert များတည်ဆောက်ပေးခြင်းအားဖြင့် ကလေးဝမြို့နယ် ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာ ၅၉ ရွာ၊ အိမ်ခြေ ၃၃၈၀၊ လူဦးရေ ၁၇၄၁၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို များစွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း တမူးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ငွေကြေယ်

မင်းဘူး(စကု)မြို့နယ် မန်းရေနံကွင်းတွင် ရှင်မတောင်သနပ်ခါးမျိုး ၈က ၂၀ အထိ တိုးချဲ့စိုက်ပျိုး

မင်းဘူး မေ ၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အမှတ် (၄) မကျီးချောင်းရပ်ကွက် မန်းရေနံကွင်းတွင် ရှင်မတောင်သနပ်ခါးမျိုး ၈က ၂၀ အထိ တိုးချဲ့စိုက်ပျိုးထားကြောင်း သိရသည်။

သနပ်ခါးကို အပင်ပေါက်ကလေး(သို့) ပျိုးပင်တစ်လခွဲသား အရွယ်မှစတင်ကာ စိုက်ပျိုးရသည်။ အရွယ်ရောက်မှစိုက်လျှင် အပင်ကြီးထွားနှုန်းနှေးပြီး ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းတော့ပေ။ တစ်ပင်နှင့်တစ်ပင် ငါးပေ လေးပေအကျယ်ထားပြီး အတန်းလိုက် စိုက်ပျိုးကြသည်။ တစ်လခွဲသားအရွယ်မှ စတင်စိုက်ပျိုးကာ ခုနှစ်နှစ်သားအရွယ်သို့ရောက်လျှင် ခုတ်လှဲရောင်းချလို့ရကြောင်း သိရသည်။

"သနပ်ခါးကို အရင်က ငါးဇကသာ စိုက်ပျိုးထားသော်လည်း နှစ်ရှည်ပင်ဖြစ်ပေမဲ့ အပူပိုင်းရာသီဥတုနဲ့လည်း ကိုက်ညီတယ်။ မြန်မာလူမျိုးတွေသာမက ကမ္ဘာအရပ်ရပ်မှ ခရီးသွားပြည်သူတွေကို မြန်မာနိုင်ငံ အလယ်ပိုင်းရဲ့ ထွက်ကုန်တစ်ခုအနေနဲ့ လက်ဆောင်ပစ္စည်းအဖြစ် ရောင်းချလို့ရနေတာကြောင့် တိုးချဲ့ပြီး ဇက ၂၀ အထိ စိုက်ပျိုးဖြစ်တာပါ" ဟု မင်းဘူးမြို့ မန်းရေနံကွင်းနေ ရှင်မတောင်သနပ်ခါး စိုက်ပျိုးသူ ဦးသန်းအောင်က ပြောသည်။

သနပ်ခါးကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၏ မြို့များဖြစ်သော ပခုက္ကူ၊ ရွှေဘို၊ မြင်းခြံ၊ အရာတော်၊ ပေါက်၊ ယင်းမာပင်၊ ရေစကြိုစသော မြို့များတွင် စိုက်ပျိုးကြပြီး အရာတော် တစ်မြို့နယ်တည်းပင်လျှင်

သနပ်ခါးစိုက်ဇက တစ်သိန်းကျော် စိုက်ပျိုးကာ မြန်မာတစ်နိုင်ငံလုံးတွင် သနပ်ခါးစိုက်ဇကပေါင်း သုံးသိန်းကျော်ရှိကြောင်း သနပ်ခါးစိုက်တောင်သူများထံမှ သိရသည်။ **ဇေယျာထက် (မင်းဘူး)**

အီရန်နိုင်ငံက ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ကို ပြန်လည်အသက်သွင်းရန် ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဟု ပြောကြား

တီဟီရန် မေ ၁

အီရန်နိုင်ငံက အမျိုးသားအကျိုးစီးပွားကို အလုံးစုံကာကွယ်ပြီးသည့်တိုင် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ကို ပြန်လည်အသက်သွင်းရန် ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ယနေ့ ကတိပြုခဲ့ကြောင်း သိရသည်။

ဗီယင်နာ နျူကလီးယားဆွေးနွေးပွဲအောင်မြင်မှုမရှိကြောင်းကို ဝန်ခံရန်နီးကပ်နေပြီဟု အမေရိကန်၏ ပြောကြားမှုကို တုံ့ပြန်ပြောကြားရာတွင် အထက်ပါကတိပြုချက်ကို အီရန် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အလီဘာဟာဒိုရီ ဂျရိုမီက ပြောကြားခဲ့ခြင်းဖြစ်သည်။

နျူကလီးယားဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများသည် အီရန်နိုင်ငံ၏ အဓိကဆောင်ရွက်ချက်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း ဂျရိုမီက ဆိုသည်။

ထို့ပြင် နိုင်ငံ၏အကျိုးစီးပွားနှင့် နျူကလီးယားဖွံ့ဖြိုးမှုဆိုင်ရာ အခွင့်အရေးများကို ကာကွယ်လျက်ရှိပြီး တစ်ဖက်ကလည်း နိုင်ငံတကာသံတမန်ရေးဆိုင်ရာ လုပ်ငန်းမူဘောင်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အီရန်နိုင်ငံက ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ချုပ်ဆိုထားသည့် the Joint Comprehensive Plan of Action (JCPOA) သဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူညီမှုကြောင့် အီရန်နိုင်ငံက နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်ကို ရပ်တန့်ခဲ့ရပြီး အပြန်အလှန်အနေဖြင့် နိုင်ငံတကာက ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့သည်။

သို့သော် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ၂၀၁၈ ခုနှစ် မေလတွင် အဆိုပါ သဘောတူညီမှုစာချုပ်မှ နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့သည်။

၂၀၂၁ ခုနှစ် ဧပြီမှစပြီး အီရန်နိုင်ငံနှင့် ၂၀၁၅ ခုနှစ်နျူကလီးယားစာချုပ်ပါနိုင်ငံများအကြား နျူကလီးယားဆွေးနွေးပွဲများကို ကျင်းပလျက်ရှိသည်။

အမေရိကန် အစိုးရများက နျူကလီးယားသဘောတူညီချက်ကို မည်သည့်နည်းနှင့်မျှ စွန့်ပယ်ခြင်းမပြုရန်နှင့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် အီရန်အစိုးရက တောင်းဆိုထားကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

ဘာသာပြန် – အောင်ကျော်ကျော်

တရုတ်နိုင်ငံ ချန်ရှားမြို့၌ ရှစ်ထပ်တိုက်ပြိုကျ အနည်းဆုံး ၂၃ ဦး ပိတ်မိလျက်ရှိ

ပေကျင်း မေ ၁

တရုတ်နိုင်ငံအလယ်ပိုင်း ချန်ရှားမြို့၌ ဧပြီ ၂၉ ရက်က ရှစ်ထပ်တိုက်တစ်လုံး ပြိုကျခဲ့ရာ အပျက်အစီးအပိုင်းအစများ အောက်တွင် လူပေါင်းများစွာ ပိတ်မိလျက်ရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါ အခင်းဖြစ်ရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်အထိ အပျက်အစီးများအောက်မှ ခြောက်ဦးအား ကယ်ဆယ်ပြီးဖြစ်ကြောင်း သိရသည်။

ဟူနန်ပြည်နယ်ရှိ ချန်ရှားမြို့၌ တည်ရှိသည့် ရုပ်ရှင်ရုံ၊ လူနေတိုက်ခန်းများနှင့် ဟိုတယ်တို့ပါရှိသော အဆိုပါ အဆောက်အအုံသည် ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပြိုကျခဲ့ခြင်းဖြစ်သည်။

အဆောက်အအုံ ပြိုကျမှုကြောင့် အနည်းဆုံး ၂၃ ဦး ပိတ်မိနေပြီး အခြား ၃၉ ဦး သည် အခင်းဖြစ်ပွားပြီး နောက်အဆက် အသွယ်ရရှိခြင်းမရှိသေးကြောင်း ချန်ရှား မြို့တော်ဝန်က ပြောကြားသည်။

လက်ရှိအချိန်အထိ လူသေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို အတိအကျမသိရှိရသေးကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

ယင်းအဆောက်အအုံ ပြိုကျမှု၏ အကြောင်းရင်းခံကို အမြန်ဆုံးစုံစမ်းစစ်ဆေးရန်နှင့် ပိတ်မိနေသူများအား အမြန်ဆုံးကယ်တင်ရန် သမ္မတ ရှီကျင့်ဖျင်က ဒေသန္တရအာဏာပိုင်များအား တိုက်တွန်းပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

ဂရိနိုင်ငံက နွေရာသီခရီးသွားကာလအတွင်း ခရီးသွားအများအပြား လာရောက်ရန်ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းများ ဖြေလျှော့

အေသင် မေ ၁

ဂရိနိုင်ငံက နွေရာသီခရီးသွားကာလအတွင်း ခရီးသွားအများအပြားလာရောက်နိုင်ရန် ရည်ရွယ်၍ ပြည်တွင်းနှင့် ပြည်ပလေကြောင်းလိုင်းများအတွက် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

ခရီးသွားများသည် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့် သက်သေခံလက်မှတ်သို့မဟုတ် ရောဂါကူးစက်ခံထားရခြင်းမရှိသည့် ကျန်းမာရေးသက်သေခံလက်မှတ်ကို ယခင်က ပြသရကြောင်း သိရသည်။

မေ ၁ ရက်မှစပြီး အဆိုပါကျန်းမာရေးသက်သေခံလက်မှတ်များကို ပြသရန် မလိုအပ်တော့ဘဲ နှာခေါင်းစည်းများ ကိုသာ ဝတ်ဆင်ထားရန် လိုအပ်ကြောင်း သိရသည်။

ဂရိနိုင်ငံ၏ ခရီးသွားရာသီသည် ဧပြီ ၂၄ တွင်ကျရောက်သည့် ဂရိ Orthodox အီစတာပွဲတော်ပြီးနောက် စတင်လျက်ရှိသည်။

ယခုနှစ် ခရီးသွားရာသီအတွင်း ခရီးသွားအများအပြား လာရောက်နိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။ ထို့ပြင် ယခုနှစ်အတွင်း လာရောက်မည့် ခရီးသွားဦးရေသည် ၂၀၁၉ ခုနှစ်အတွင်း လာရောက်ခဲ့သည့် ခရီးသွားအရေအတွက်၏ ၈၀ ရာခိုင်နှုန်းအထိ ရောက်ရှိရန် မျှော်လင့်ကြောင်း ၎င်းတို့က ပြောသည်။

လက်ရှိတွင် ဂရိနိုင်ငံ၌ ရောဂါကူးစက်ခံရသူပေါင်း ၃၃၂၃၉၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၁၅ ဦးရှိကြောင်း သိရသည်။

ကိုးကား – စီအင်နဲ့အေ

ဘာသာပြန် – အောင်ကျော်ကျော်

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇ ဒသမ ၂၇ သန်းကျော်ရှိလာ

ဆိုးလ် မေ ၁

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၇၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၇၂၇၅၆၄ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များက မေ ၁ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၂၈၇၅ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီကပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၄၈၃၅ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၁၂၅၁၃ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

ရွေးကောက်ခံတောင်ကိုရီးယားသမ္မတက လုံခြုံရေးအကြံပေးနှင့် အကြီးတန်းအတွင်းဝန် ငါးဦး ခန့်အပ်

ဆိုးလ် မေ ၁

တောင်ကိုရီးယားနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ယွန်ဆုခ်ယိုလ်သည် ၎င်း၏ အမျိုးသားလုံခြုံရေးအကြံပေး၊ အကြီးတန်းအတွင်းဝန်ငါးဦးနှင့် သမ္မတရုံးအဖွဲ့ဝင်လေးဦးတို့ကို ယနေ့ခန့်အပ်လိုက်ကြောင်း တောင်ကိုရီးယားသမ္မတ အသွင်ကူးပြောင်းရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

မေ ၁၀ ရက်မှစ၍ သမ္မတတာဝန်ထမ်းဆောင်မည့်ယွန်သည် လက်ရှိတွင် နိုင်ငံခြားရေးရာနှင့် အသွင်ကူးပြောင်းရေးအဖွဲ့၏ လုံခြုံရေးဆပ်ကော်မတီအားဦးဆောင်နေသောဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ကင်ဆောင်ဟန်ကို သမ္မတလုံခြုံရေးထိပ်တန်း အကြံပေးအဖြစ် အဆိုပြုထားကြောင်း သိရသည်။

ထို့အပြင် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင် သမ္မတအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကင်တေဟီယိုကို ဒုတိယအမျိုးသားလုံခြုံရေးအကြံပေး-၁ အဖြစ် ခန့်အပ်ထားပြီး သမ္မတ၏ စီမံခန့်ခွဲရေးအရာရှိဟောင်း ရှင်အင်ဟိုကို အမျိုးသားလုံခြုံရေး အကြံပေး-၂ အဖြစ် ခန့်အပ်ထားသည်။

အလားတူ တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့၏ စစ်ဆင်ရေးဒါရိုက်တာဟောင်း ကင်ယောင်ဟီယွန်ကို သမ္မတလုံခြုံရေးဌာနအကြီးအကဲအဖြစ် ရွေးချယ်ထားသည်။ ထို့အပြင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟောင်းချိုင်ဆန်မောက်ကို အကြီးတန်းစီးပွားရေးအတွင်းဝန်အဖြစ်ခန့်အပ်ပြီး လွတ်တော်အမတ်ဟောင်း လီဂျင်ဘောက်ကို အကြီးတန်းနိုင်ငံရေးအတွင်းဝန်အဖြစ် ရွေးချယ်ထားသည်။

ထို့အပြင် ယွန်သည် ဆိုးလ်အမျိုးသားတက္ကသိုလ်၏ လူမှုဖူလုံရေးဌာနပါမောက္ခ အန်ဆန်ဟွန်းကို အကြီးတန်းလူမှုရေးအတွင်းဝန်အဖြစ် အမည်စာရင်းတင်သွင်းထားပြီး လွတ်တော်အမတ်ဟောင်း ကန်ဆောင်ကျူးကို အရပ်ဘက်လူမှုအဖွဲ့အစည်း၏ အကြီးတန်းအတွင်းဝန်အဖြစ် ရွေးချယ်ထားသည်။

အလားတူ ယခင်သတင်းစာဆရာဟောင်း ချိုင်ယောင်ဘွမ်းကို အကြီးတန်းဆက်သွယ်ရေးအတွင်းဝန်အဖြစ် ရွေးချယ်ထားပြီး လက်ရှိတွင် နိုင်ငံခြားသတင်းဌာနဆိုင်ရာ ရွေးကောက်ခံသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ယူဆောင်ရွက်နေသော သတင်းစာဆရာဟောင်းကန်အင်ဆုန်ကို သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် အဆိုပြုထားကြောင်း သိရသည်။

ရွေးကောက်ခံသမ္မတယွန်သည် သမ္မတ၏ မူဝါဒရေးရာ ဝန်ထမ်းအကြီးအကဲဟောင်းကင်ဒေးကီကို ၎င်း၏ ဝန်ထမ်းအကြီးအကဲ-၁ အဖြစ် ဧပြီလက ခန့်အပ်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၀၇ ဦးထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၁

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၀၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၄၄၈၀၀၄ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၀၉၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၆ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ငါးဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၅၅၄၇ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၈၉၀ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၆၆၉၅၁ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၄၅၅၀၆ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းသည်ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၁ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၁ ရာခိုင်နှုန်းသည် တတိယအကြိမ်အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

နယူးဇီလန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် BA . 4 ကူးစက်ခံရသူတစ်ဦး စစ်ဆေးတွေ့ရှိ

ဝယ်လင်တန် မေ ၁

နယူးဇီလန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် BA.4 ကူးစက်ခံရသူတစ်ဦးအား ပထမဆုံးအကြိမ်တွေ့ရှိကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူသည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် ခရီးသည်များအနက် တစ်ဦးအပါအဝင်ဖြစ်သည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း နိုင်ငံရပ်ခြားမှလာရောက်သည့် ရောဂါကူးစက်ခံရသူခရီးသည် ၁၂၆၉၉ ဦး ရှိကြောင်း သိရသည်။

အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ် စစ်ဆေးတွေ့ရှိမှုသည်နယူးဇီလန်နိုင်ငံ၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ထို့ပြင် ဧပြီလအတွင်း နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် ခရီးသည်များအနက် နှစ်ဦးတွင် အိုမီခရွန်ဗီဇပြောင်း အခြားအမျိုးအစားများဖြစ်သည့် BA.2.12.1 နှင့် BA 2.12.2 ဗိုင်းရပ်စ်များ ကူးစက်ခံထားရကြောင်းလည်း စစ်ဆေးတွေ့ရှိခဲ့သည်။

အလားတူ လွန်ခဲ့သော နှစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၃ ဦးထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ သူပေါင်း ၉၃၆၆၉၇ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၇၀၇ ဦးရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၅၅ သန်းကျော်ရှိလာ

ဆန်တီယာဂို မေ ၁

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၂၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၅၅၈၆၃၁ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၁၈ ဦးထပ်တိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၅၀၅၅၂ ဦးရှိလာကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ချီလီနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ရောဂါကူးစက်မှုမြင့်တက်လာခဲ့ပြီးနောက် လွန်ခဲ့သည့် တစ်ရက်အတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းသည် ၄ ဒသမ ၆၅ ရာခိုင်နှုန်းရှိကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၉၀၀၄ ဦးရှိကြောင်း၊ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ပြီးခဲ့သည့်သီတင်းပတ်နှစ်ပတ်အတွင်း ၃၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် နိုင်ငံ၏ဒေသ ၁၆ ခုအနက် ၁၅ ခုသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု သိသိသာသာလျော့ကျမှုရှိခဲ့ကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

အဇာဘိုင်ဂျန်နိုင်ငံက ဥရောပသို့ ဓာတ်ငွေ့ထောက်ပံ့မှု ယခုနှစ်အတွင်း ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်

ဘာကူ မေ ၁

အဇာဘိုင်ဂျန်နိုင်ငံသည် ယခုနှစ်အတွင်း ဥရောပသို့ ဓာတ်ငွေ့ထောက်ပံ့မှုကို ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အဇာဘိုင်ဂျန် နိုင်ငံပိုင် ရေနံကုမ္ပဏီ SOCAR က ဧပြီ ၂၉ ရက်တွင် ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဇာဘိုင်ဂျန်နိုင်ငံ၏ ဓာတ်ငွေ့ပို့ကုန်စွမ်းရည် မြင့်မားခြင်းကြောင့် ဥရောပဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရရှိခြင်းဖြစ်ကြောင်း၊ ယင်းသို့ လုပ်ဆောင်နိုင်ခြင်းသည် အဇာဘိုင်ဂျန်နိုင်ငံ၏ စီးပွားရေးကို ပိုမိုတိုးတက်စေကြောင်းနှင့် တစ်ချိန်တည်းမှာပင် ဥရောပ၏ ယုံကြည်စိတ်ချရသော ဓာတ်ငွေ့ရောင်းချသောနိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ရေနံကုမ္ပဏီ SOCAR က ပြောကြားသည်။

အဇာဘိုင်ဂျန်နိုင်ငံသည် ၂၀၂၂ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း ဥရောပသို့ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂ ဒသမ ၆ ဘီလီယံ တင်ပို့ခဲ့ကြောင်းလည်း သိရသည်။ အဇာဘိုင်ဂျန်နိုင်ငံသည် ဥရောပသို့ သဘာဝဓာတ်ငွေ့များ စီးပွားဖြစ်တင်ပို့မှုကို ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၁၇ ဦး ထပ်မံတွေ့ရှိ

ဟန္တိုင်း မေ ၁

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၁၇ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် ယင်းကူးစက်ခံရသူအရေအတွက်သည် ဧပြီ ၃၀ ရက်တွင် ကူးစက်ခံရသူအရေအတွက်ထက် ၁၃၉၂ ဦးအထိ လျော့ကျမှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀ဒသမ၅၃၂ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၄၂ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၉၂ဒသမ၄၃ဒသမ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူပေါင်း၏ ၈၇ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၄ ဒသမ ၉ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၉ဖြ သန်းကျော် ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၄၁ ဦး ထပ်မံတွေ့ရှိ

စင်ကာပူ မေ ၁

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၄၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၁၁၉၇၉၀၈ ဦးရှိလာကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၀၈၃ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၅၈ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ပြည်တွင်းကူးစက်ခံရသူများအနက် ၂၆၉ ဦးသည် ရောဂါကွင်းဆက်တုံ့ပြန်မှုဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၁၈၁၄ ဦးသည် ရောဂါ ရှိ၊ မရှိ လျင်မြန်စွာစစ်ဆေးသည့် နည်းလမ်းများဖြင့် ရောဂါတွေ့ရှိခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရောဂါပြင်းထန်စွာ ခံစားနေရ

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၁ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် ခြောက်ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် တစ်ဦးထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၁၃၃၅ ဦးရှိပြီဖြစ်သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၂၄ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ မေ ၁

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၂၄ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၀၇၉၁၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

လေးရက်ဆက်တိုက်ရှိ

လွန်ခဲ့သောလများအတွက် နေ့စဉ်ကူးစက်မှုအရေအတွက် လျော့ကျလာပြီးနောက် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၀၀၀ ကျော် ရောက်ရှိခဲ့သည်မှာ လေးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

ရောဂါ ထပ်မံတွေ့ရှိသူများအနက် ၁၅၂၀ သည် မြို့တော် နယူးဒေလီမှ ဖြစ်သည်။ လက်ရှိတွင် မြို့တော်အတွင်း၌ ပိုးတွေ့ဆဲလူနာ ၅၇၁၆ ဦးရှိကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၀ သေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၃၈၄၃ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၉၀၉၂ ဦးရှိသည်။ ပိုးတွေ့ဆဲလူနာအရေအတွက်သည် လွန်ခဲ့သော လအနည်းငယ်အတွင်း လျော့ကျခဲ့သော်လည်း ယခုရက်သတ္တနှစ်ပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၇၆ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၅၃ဖြ၅၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ စက်သုံးဆီနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး (၄)မိုင် သစ်တောပူးပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျဝန်ထမ်းများက တာချီလိတ်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် နှစ်စီးကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော ငရုတ်သီးခြောက်အိတ်၊ Full Moon Wine နှင့် မော်တော်ဆိုင်ကယ်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၇၈၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Nissan Diesel အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီးနှင့် Isuzu အမျိုးအစား ခြောက်ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၆၇၈၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိ

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်ဘီမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာအနီး၌ တရားမဝင် ကျွန်းပရိဘောဂ အပိုင်းအစများ သုည ဒသမ ၆၀၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၆၈၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသော Toyota Probox လေးဘီးမော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၈၁၆၀** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်

ထို့အတူ မေ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် အတွင်း တရားမဝင်လိုင်စင်မဲ့ ဒီဇယ်ဝီပါ (ချက်ဆီ) အလုံး ၄၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၄၅၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်းအတွင်း တရားမဝင် ပျည်းကတိုးသစ်ခွဲသား ၁ ဒသမ ၉၂၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၈၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၉ ရက်နှင့် မေ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ ၁၅ မှု**၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၆၉၅၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ဗန်းမော်နှင့် မြိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

အေးမင်းထွေး(ခ) မင်းမင်း(ခ) ခါလစ်နှင့် အောင်ကိုမင်း(ခ) ဝေဇင်ဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရှူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ဗန်းမော်မြို့နယ် စီဟဲကျေးရွာအုပ်စု စီဟဲကျေးရွာအနီး ဗန်းမော်-မန္တလေး ကားလမ်းတွင် မကြွေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၄ ကီလိုကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကွမ်းသီးချောင်းကျေးရွာအနီးတွင် အေးမင်းထွေး(ခ)မင်းမင်း(ခ) ခါလစ် မောင်းနှင်ပြီး အောင်ကိုမင်း(ခ)ဝေဇင်ဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ငွေကျပ် ၁၅၀၀ ဒသမ ၇၈ သိန်းတန်ဖိုးရှိ စိတ်ကြွရှူးသွပ်ဆေးပြား ၅၀၀၂၆ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

■

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း ၁၀ တန်နှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၈၀၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၅-၂၀၂၂ တနင်္လာနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ရတနာသုတ်၊တောရွှေဝံသုတ် အန္တရာယ်တင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၀ စိုက်ပျိုးရေးရာအကြေရာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ **'သမိုင်းထဲကစစ်ကိုင်း'** (အပိုင်း-၁၅)
၁၃:၃၀ MRTV National News
၁၆:၅၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ဧပြီလ)(ဒုတိယပိုင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဒေါင်ခွဲမဏ္ဍိုင်ရင်ဆိုင်ချိတာတ်'** (အပိုင်း-၃၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဝိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍာ
၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားသီးတျက်ခြေတ်ခုံစမ်းငတ်ထုတ်'** (အပိုင်း-၁၇)

mitv

07:02 Evergreen Classic: Migadawon (Tekkatho Lei Lei)
07:10 Ecotourism: White City Block & Japanese Underground Hospital
07:26 Bottle Gourd Painting
07:31 The Crocodiles of Meinmahla Island
08:01 Sarus Crane in Myanmar
08:11 Village Belle
08:26 Myanmar Traditional Snacks: Mounhsi Gyaw
08:31 Great Shwedagon - The Exhibition Hall Of The Great Chronicle Of Buddha
09:01 News
09:27 Global Partnership for Brighter Future: El Salvador Pavilion at Expo 2020 Dubai
09:35 Palm-leaf Inscriptions and Parabaiks from Inlay Region
09:44 Chef Life: Fabrizio Aceti

MRTV NRC

အနောက်မိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) အင်းရဲကျွန်းရဲ့ဘဲငပေါ့မြူရေးလုပ်ငန်း
အရှေ့မိုးကရင် (၀၇:၀၀ မှ ၀၈:၀၀) ဗားစည်ပြေမှရောင်စုံအလှ(အပိုင်း-၁)
ချင်း (လိုင်မိုး) (၀၈:၀၀ မှ ၀၉:၀၀) ချင်းရိုးရာခေါင်းဆောင်ပြုလုပ်နည်း
ချင်း (ချီး) (၀၉:၀၀ မှ ၁၀:၀၀) အုံ့ဖွယ်ရုံးပတီသီးအစွမ်း
မွန် (၁၀:၀၀ မှ ၁၂:၀၀) မွန်စာပေသင်ကြားအောင်(အပိုင်း-၄)
ရခိုင် (၁၂:၀၀ မှ ၁၄:၀၀) အမောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ
ရှမ်း (၁၄:၀၀ မှ ၁၆:၀၀) ထိန်းသိမ်းစိုလဲလိုရိုးရာအပေ(ရှင်ပြုပွဲ)
၀ (၁۶:၀၀ မှ ၁၈:၀၀) ဝရိုးရာယဉ်ကျေးမှုပြဇန်း
ကချင် (၁၈:၀၀ မှ ၂၀:၀၀) လီဆူရိုးရာဝတ်စားဆင်ယင်ပုံ
ကယား (၂၀:၀၀ မှ ၂၂:၀၀) ကကတုပတီတောင်ရူမြို့သို့အလည်တစ်ခေါက် (အပိုင်း-၁)
ဝကကရင် (၂၂:၀၀ မှ ၂၃:၀၀) ပရူးထမင်းကြော်နှင့်ကြက်သားသုပ်

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၉:၁၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၁၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၈:၁၀ နိုင်ငံတကာသတင်း (LIVE)
၁၈:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀۶:၀၀ အဖွင့်၊အလံ
၀۶:၃၀ ဥပဒေရေးရာအကြောင်းကြားတတ်လမ်းတို **'အတုမှန်းသိလျက်လက်ရှိထားမှု'**
၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမ့်တိမ့်ယမ်းရာထွေးဇနီးဘန်း (အပိုင်း-၇)
၁၁:၀၀ နိုင်ငံတကာလွှမ်းကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နွားတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ အရည်အသွေးပြည့်မီသောသရက်သီးများ ထုတ်လုပ်နိုင်ရေး GAP နည်းစနစ်များဖြင့် စိုက်ပျိုးရေး
၀۷:၀၀ ပဲမျိုးစုံစိုက်ပျိုးရေးတိုးချဲ့ပညာပေး
၀۷:၁၅ ဆန်ညည်းဆန်သွေးအကြောင်းသိကောင်းစရာ
၀۷:၂۹ ပိုးသတ်ဆေးအန္တရာယ်သတိထားကာကွယ်
၀۷:۴၀ ဘူးသီးစနစ်တကျစိုက်ပျိုးနည်းအကြောင်း သိကောင်းစရာ
၀۸:၀၀ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

MRTV SPORTS

၀۶:၀၀ အဖွင့်
၀۶:၃၀ အခြေခံအားကစားနည်းစနစ်များ
၀۷:၀၀ Sports News
၀۷:၃၀ Soccer View/ Weekly Sports Info
၀۷:۵۹ အားကစားလောကထဲက သုတို့အကြောင်း
၀۸:၀၀ ပြန်လည်ခံစားပြန်မာနေရှင်နယ်လိ‌ဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ၀ေဒေ၊ တရုတ်ဘေ့ဖုအပေ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းတို့ကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဧနဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ နီနီဒွန်းသည် ၎င်းအသုံးပြုသည့် “Ni Ni Don” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာနေ သက်ဇော်သည် ၎င်းအသုံးပြုသည့် “Thet Zaw” Facebook အကောင့်၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝိတောက်မြိုင်လမ်း ကျောင်းပိုင်ရပ်ကွက်နေ စိန်စိန်အေးသည် ၎င်းအသုံးပြုသည့် “Sein Sein Aye” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဇင်ဖူးဝေ(ခ)ထူးထက်ဝေသည် ၎င်းအသုံးပြုသည့် “Htoo Htet Wai” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အမှတ်(၉)ရပ်ကွက်နေ အောင်မြင့်ကို (ခ)မင်းခန့်သည် ၎င်းအသုံးပြုသည့် “Aung Myint Ko” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

ဗျာပုံမြို့နယ် ကျင်းကြီးဒေါင့်ကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ် ဒေးဒလူကျေးရွာအုပ်စု ကျင်းကြီးဒေါင့် ကျေးရွာရှိ မစိုးစိုး(ဘ)ဦးဘိုနီ နေအိမ်၌ ယမန်နေ့ မွန်းတည့် ၁၂ နာရီခန့်တွင် ထမင်းချက်ပြုတ်ရာမှ မီးကြွင်းမီးကျန်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ် ၅၅ လုံး မီးလောင်ပျက်စီးခဲ့ပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အပျက်အစီးဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး မီးဘေးသင့်ပြည်သူများအား အဆိုပါကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ပြောင်းရွှေ့ထားရှိကာ ကုလားထိပ် ကျေးရွာ ကျန်းမာရေးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆိပ်ဖြူမြို့နယ်တွင် နွေပြောင်းဖူး စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

ဆိပ်ဖြူ မေ ၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နွေရာသီ ပြောင်းဖူးရေသွင်းစိုက်ပျိုးသည့် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်ရှိ တောင်သူများသည် ကိုင်းမြေများ၌ ဆောင်းကြက်သွန်နီ စိုက်ပျိုးသိမ်းဆည်းပြီး နွေရာသီကာလတွင် နွေနှမ်း၊ ပဲတီစိမ်းနှင့် ပြောင်းဖူးတို့ကို ရေသွင်းစိုက်ပျိုးဆောင်ရွက်ကြပြီး ပြောင်းဖူးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ပြောင်းဖူးစိုက်ခင်းများ အောင်မြင်ထွန်းကာ မိသားစုဝင်ငွေရရှိလျက်ရှိကြောင်း၊ နွေပြောင်းဖူးစိုက်ပျိုးရာတွင် ကြက်သွန်နီစိုက်ပျိုးသိမ်းဆည်းပြီး ပြောင်ဖူးစိုက်ပျိုးရန် မြေကိုထွန်ယက်ပြုပြင်ရကာ စိုက်ပျိုးကြရကြောင်း၊ ပြောင်းဖူးစတင်စိုက်ပျိုးချိန်မှ ပြောင်ဖူးခူးဆွတ်ပြီးချိန်အထိ စိုက်ခင်းအတွင်း ရေငါးကြိမ်ခန့် သွင်းရပြီး အပင်အားဆေးဖျန်းပေးရကြောင်း၊ ပြောင်းဖူးခင်းတစ်ဧကလျှင် အဖူးရေ ၂၀၀၀ ခန့် ထွက်ရှိပြီး ပထမခေါင်ဖူးကို ဖောက်သည်ဈေးတစ်ဖူးလျှင် ငွေကျပ် ၁၅၀ မှ ၂၀၀ အထိ ရရှိကာ ဒုတိယအဖူးကို ရက်အနည်းငယ်ကြာမှ ခူးရကြောင်း၊ ဒုတိယအသုတ် ပြောင်ဖူးတစ်ဖူးလျှင် ၁၀၀ ကျပ်ဖြင့် ဖောက်သည်ဈေးဖြင့် ရောင်းချရပြီး ဒေသတွင်းတိရစ္ဆာန်မွေးမြူသူများက ကျွဲနွားအစာအဖြစ် ပြောင်းပင်များ ရောင်းရခြင်း၊ သီးညှပ်အဖြစ် ဘူး၊ ဖရုံ၊ သခွားပင်များ ထည့်သွင်းစိုက်ပျိုးခြင်းကြောင့် မိသားစုအပိုဝင်ငွေများလည်းရရှိကြောင်း ပြောင်းစိုက်ပျိုးသူထံမှ သိရသည်။

စိုးလင်းနိုင်(IPRD)

ငါးမွေးမြူရေးကန်များ အပူချိန် ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့်ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် သြဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်းကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကို ဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရ ပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ခန္ဓီးခရိုင်တွင် ဆောင်းသီးနှံစိုက်ဧက ၆၄၀၀၀ ကျော်အနက် ဧက ၄၇၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်

စစ်ကိုင်း မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင်တွင် ဆောင်းသီးနှံဧက ၆၀၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ ဧက ၄۷၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း ခန္ဓီးခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးကျော်မြင့်ဦးထံမှ သိရသည်။

"ဆောင်းသီးနှံ ၆၄၁၇၆ ဧက စိုက်ခဲ့ပြီး ဧက ၄۷၇၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ပါတယ်" ဟု ဦးကျော်မြင့်ဦးက ပြောကြားသည်။

လာမည့်စိုက်ပျိုးရာသီတွင် ခန္ဓီးခရိုင်၌ နေကြာသီးနှံကို ယခင်နှစ်ကထက် ဧက ၇၀ တိုးချဲ့စိုက်ပျိုးရန် လျာထားရာ အထွက်ကောင်းစေပမ်းပျိုးနေကြာ(၁) မျိုးရရှိရန် ဆောင်ရွက်နေကြောင်း၊ နေကြာသည် ဆီထွက်ကောင်းပြီး ဆီသန့်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံးတွင် ပိုမိုတိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ဟုမ္မလင်းမြို့နယ်တွင် နေကြာစိုက်ပျိုးမှုများပြားမည်ဖြစ်ပြီး ခန္ဓီးမြို့နယ်နှင့် မိုပိုင်းလွတ်မြို့နယ်တို့တွင် စိုက်ပျိုးမှုလျော့နည်းမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဈေးသည် ကြီးမြင့်နေသည့်အတွက် တောင်သူများ သီးနှံအထွက်နှုန်း မထိခိုက်ရန်နှင့် ဝင်ငွေထိန်းနိုင်ရန် သစ်စိမ်းမြေသြဇာထုတ်လုပ်ခြင်း၊ သဘာဝမြေသြဇာထုတ်လုပ်ခြင်း၊ EM ဘိုကာရှိမြေဆွေးပြုလုပ်ခြင်း၊ သဘာဝပိုးနှင်ဆေးပြုလုပ်ပုံကွင်းသရုပ်ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လူလေး**

လယ်မြေဧက ၁၂၀ စိုက်ပျိုးရေရရှိမည့် မယ်သိန်းရေလွှဲဆည် ရေထိန်းတံခါးနှင့် တူးမြောင်းရေသောက်စနစ် ရာနှုန်းပြည့်တည်ဆောက်ပြီးဖြစ်

မိုင်းခုတ် မေ ၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့၌ လယ်မြေဧက ၁၂၀ စိုက်ပျိုးရေရရှိရေးအတွက် မယ်သိန်းရေလွှဲဆည်ရေထိန်းတံခါးနှင့် တူးမြောင်းရေသောက်စနစ်ကို တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မိုင်းခုတ်မြို့ရှိ မယ်သိန်းရေလွှဲဆည် ရေထိန်းတံခါးနှင့် တူးမြောင်းရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (မီနီခြောက်လ) တွင် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်သန်း ၅၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိုင်းခုတ်မြို့ အမှတ်(၁) ရပ်ကွက်အတွင်းရှိ လယ်မြေဧက ၁၂၀ အတွက် စိုက်ပျိုးရေ လုံလုံလောက်လောက် ပေးဝေနိုင်မည့်အပြင် ဒေသခံပြည်သူများအတွက် သောက်သုံးရေကိုလည်း ပေးဝေနိုင်တော့မည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လည်းတစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းသည့် ရေလွှဲဆည်ခြောက်ခုရှိပြီး ကျိုင်းတုံမြို့နယ်ရှိ နမ့်လင်ရေလွှဲဆည်၊ နမ့်ကွတ်ရေလွှဲဆည်၊ ဒိုင်မိုလစ်ရေလွှဲဆည်၊ တာချီလိတ်မြို့နယ်ရှိ မိုင်းပါလျှိုးရေလွှဲဆည်၊ မိုင်းဆတ်မြို့နယ်ရှိ မယ်ဆတ်ရေလွှဲဆည်၊ ဆိုက်ခေါင်ရေလွှဲဆည်တို့ ဖြစ်ကြောင်း၊ နှစ်စဉ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်းဧက ၅၀၀၀၀ ကျော် စိုက်ပျိုးထား

ပွင့်ဖြူ မေ ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်းဧက ၅၀၀၀၀ ကျော် စိုက်ပျိုးထားကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတောင်သူများက အစိုးရဆည်ရေ၊ လျှပ်စစ်ရေတင်စနစ်နှင့် မြေအောက်ရေတို့ကို အကျိုးရှိစွာ အသုံးချပြီး နွေ၊ မိုး၊ ဆောင်း ရာသီမပြတ် မြေပဲ၊ နှမ်း၊ နေကြာသီးနှံတို့ကို အားထားစိုက်ပျိုးကြကြောင်း၊ ဒေသခံတောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် အခြေခံစိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်၊ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက နွေနှမ်းစိုက်ပျိုးခြင်းကို အစိုးရဆည်ရေစနစ်ဖြင့် ၄၄၁၃၁ ဧက၊ လျှပ်စစ်ရေတင်စနစ်ဖြင့် ၈၀၈ ဧက၊ ရေစုပ်စက်ဖြင့် ၆၅၅၆ ဧက၊ မြေအောက်ရေဖြင့် ၂၅၀၂ ဧက စုစုပေါင်းနွေနှမ်းဧက ၅၃၉၉၇ ဧက စိုက်ပျိုးထားကြောင်းနှင့် စိုက်ပျိုးသည့်နှမ်းမျိုးမှာ စမုန်နက်၊ သိပ္ပံနှမ်းနက်၊ ဆင်းရတနာ-၄ နှမ်းမျိုးတို့ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

ညောင်ဦးမြို့နယ်၌ နွေရာသီ နွားစာမြက်ရှားပါးမှု မဖြစ်စေရန် နေဗီယာမြက်စိုက်ပျိုးမှုများလာ

ညောင်ဦး မေ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများသည် နွေရာသီ နွားစာမြက်ရှားပါးမှုမဖြစ်စေရန် နေဗီယာမြက်စိုက်ပျိုးမှုများလာပြီး နွားစာရှားပါးမှုအခက်အခဲကို တစ်ထောင့်တစ်နေရာမှ ဖြေရှင်းနိုင်ပြီဖြစ်ကြောင်း သစ်ထောင့်ကျွန်းကျေးရွာ နေဗီယာမြက်စိုက်ပျိုးထားသည့် တောင်သူဦးအေးကိုထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် နွားစာမြက်ရှားပါးမှုကို နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရပြီး ဆောင်းဦးပေါက်အစ နွေရာသီတွင် နွားစာမြက်ရှားပါးလေ့ရှိရာ ဒေသတွင်းပေါက်ရောက်သည့်အပင်များဖြစ်သည့် တမာ၊ ကုက္ကို၊ ပင်းခံ၊ ဖက်ဝန်း၊ ညောင်ပင်၊ ရှားပင်တို့မှ အသီးအရွက်များကို မြေပဲရိုးမှော်နှင့်လည်းကောင်း၊ ပဲစင်းငုံမှော်၊ ပြောင်းရိုးခြောက်တို့နှင့်ရောပြီး ကျွေးကာ နွားစာရှားပါးမှုအခက်အခဲကို နှစ်စဉ်နှစ်တိုင်း ဖြေရှင်းခဲ့ရကြောင်း၊ ထန်းသီးပေါ်ချိန် ထန်းသီး၊ ထန်းနို့ပေါ်ချိန် ထန်းနို့တို့ဖြင့် ရောကျွေးခြင်းများလည်းရှိခဲ့ကြောင်း ပုဂံမြို့ နတ်ကြို့အိုင့်ကျေးရွာမှ ဦးတင်ဆောင်က နွားစာမြက်ရှားပါးစဉ်က အခြေအနေများကို ပြောကြားသည်။

ယခုအခါ ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများသည် နွားစာမြက်ရှားပါးမှုကို ဖြေရှင်းရန် နေဗီယာမြက်စိုက်ပျိုးခဲ့ရာ မြက်များ အောင်မြင်ဖြစ်ထွန်းနေကြောင်း၊ နေဗီယာမြက်စတင်စိုက်ပျိုးရန် မျိုးများကို ပလင်းကမ်းသာယာဆင်စခန်းမှ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ နေဗီယာမြက်သည် ရာသီဥတုပူပြင်းသည့်ဒဏ်ကိုခံနိုင်သလို၊ စိုစွတ်သည့်ရာသီဥတုကိုလည်း ကြိုက်ကြောင်း၊ ဆင်၊ နွား၊ ဝက်နှင့် ဆိတ်တို့ ကြိုက်ကြသလို နုပ်နုပ်စင်း၍ ငါးမွေးကန်များထဲရှိ ငါးများကိုလည်း အသားတိုးအဖြစ် ကျွေးမွေးနိုင်ကြောင်း၊ ညောင်ဦးမြို့နယ် နေဗီယာမြက်စိုက်ပျိုးသည့် ကျေးလက်တောင်သူများ နွားစာမြက် ဖူလုံစွာကျွေးနေရကြောင်း သိရသည်။

ကိုထိန်(KPD)

ပင်းတယမြို့နယ်၌ ဆီနေကြာများ ရေသွင်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

ပင်းတယ မေ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ညောင်ကောက်ရွာမှ ဒေသခံတောင်သူများသည် ဆောင်းသီးနှံအဖြစ် နေ့စဉ်ဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရိတ်သိမ်းပြီးနောက် ဆီစားသုံးမှုဖူလုံစေရန် သီးထပ်စနစ်ဖြင့် ဆီနေကြာများကို ဧကအများအပြား စိုက်ပျိုးလျက်ရှိသည်။

ပင်းတယမြို့နယ်တွင် ဆီထွက်သီးနှံများ ထုတ်လုပ်ရန် မြေပဲဆီ၊ ဆီမုန်ညင်း၊ နှမ်း၊ နေကြာ စသည်တို့ကို ရာသီအလိုက် စိုက်ပျိုးထားပြီး နေကြာဆီအတွက် နေကြာမျိုးများကို ရာသီမရွေး သီးထပ်သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးထားကြသည်။

ဆီနေကြာများစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာစနစ်ကောင်းများရယူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် သုံးကီလိုပါရှိသည့် မျိုးစေ့ထုပ်သုံးထုပ် စိုက်ပျိုးကြောင်း၊ တစ်ဧကအထွက်နှုန်းတင်း ၂၀ မှ ၂၅ တင်းအထိထွက်ရှိကြောင်း၊ နေကြာစေ့အချိန် ၃၀ ကို ကြိတ်ပါက နေကြာဆီ ၁၀ ပိဿာခန့်ရရှိကြောင်း၊ နေကြာဆီ ၁၀ ပိဿာပါ ဆီတစ်ပုံး၏ ကာလပေါက်ဈေး ကျပ် ၈၀၀၀၀ ဝန်းကျင်ရရှိကြောင်းနှင့် ပင်းတယမြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံရုံသာမက အနီးအနားဒေသများသို့ပင် ဆီတင်ပို့ရောင်းချလျက်ရှိရာ လူမှုစီးပွားဘဝ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ပင်းတယ (ပြန်/ဆက်)**

မြိတ်မြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးသူများ ကြားသီးနှံအဖြစ် '၀'၃ စိုက်ပျိုးရန် စိတ်ဝင်စားနေ

မြိတ် မေ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ရော်ဘာစိုက်ဧက ၃၇၀၁၃ ဧကရှိပြီး ရော်ဘာစိုက်ခြံရှင်များအနေဖြင့် ရော်ဘာထုတ်လုပ်မှုမှာ ပုံမှန်ဝင်ငွေအပြင် ကြားသီးနှံအဖြစ် '၀' ၃စိုက်ပျိုးရန် စိတ်ဝင်စားနေကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြိတ်မြို့နယ်တွင် ၂၀၂၂ ခုနှစ်မတ်လ နောင်းပိုင်းမှစတင်ကာ လာမည့်မိုးရာသီတွင် ဆန်ဖူလုံမှု မရှိသောဒေသများ၌ '၀'၃ အစားထိုးစိုက်ပျိုးနိုင်ရန် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လယ်ယာမြေ စိုက်ပျိုးသည့် တောင်သူများသည် နှစ်ရှည်ပင်များကြားတွင် မြောင်းတင်၍ စိုက်ပျိုးကြပြီး ယခင်က တောထဲတောင်ထဲတွင် အလေ့ကျပေါက်ရောက်လေ့ရှိသည်။

'၀'၃ကိုယခုအခါ အမြတ်တနိုး စိုက်ပျိုးနေကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင့်ဦး (မြိတ်)

၂၇-၄-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

Sky Net Media မှ ထုတ်လုပ်သူ ဦးသွင်ထူးအောင်က ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပရန်ရှိသည်ဟု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံခြားသတင်းထောက်များကို ပြောကြားထားခြင်းကြောင့် ရွေးကောက်ပွဲအတွက် စီမံဆောင်ရွက်ချက်များကို သိလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် အိန္ဒိယအစိုးရက ကူညီမှုများဆောင်ရွက်ပေးသွားမည်ဟုလည်းသိရ၍ မည်သို့ကူညီသွားမည်ကိုသိလိုကြောင်း၊ ဆက်လက်၍ ရွေးကောက်ပွဲကျင်းပမည့်စနစ်ကို သိလိုကြောင်း၊ PR စနစ်ကို အတည်ပြုလိုက်ပြီလားသိလိုကြောင်း မေးမြန်းသည်။

လိုအပ်သည့်ပြင်ဆင်မှုများဆောင်ရွက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြောကြားခဲ့သလို ၂၀၂၃ ကို မျှော်မှန်း၍ မိမိတို့ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါ အရေးကြီးသည်မှာ မဲစာရင်းဖြစ်သည့်အတွက် အခြေခံလူဦးရေပြုစုခြင်းနှင့်ပတ်သက်၍ မိမိတင်ပြခဲ့သလိုဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ အခြေခံမဲဆန္ဒရှင်စာရင်းများပြုစုခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေမူဘောင်ဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများကို နောက်ကျင်းပမည့် ရွေးကောက်ပွဲအတွက် မိမိတို့သည် ယခင်အတွေ့အကြုံများအပေါ်မူတည်၍ လိုအပ်သည့်ပြင်ဆင်မှုများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ်အပါအဝင် အခြားလိုအပ်သည့် အုပ်ချုပ်မှုကိစ္စများကို မိမိတို့အနေဖြင့် ယခုအချိန်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် မိမိတို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပူးပေါင်းဆောင်ရွက်နေမှုများရှိကြောင်း၊ ECI – Election Commission of India နှင့်လည်း ယခင်ကတည်းက ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ အခြားနိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များ၊ အခြားနိုင်ငံအစိုးရများနှင့်လည်း ဆက်သွယ်ဆောင်ရွက်မှုများရှိကြောင်း၊ အိန္ဒိယနှင့်ပတ်သက်၍ပြီးခဲ့သည့်ကာလများတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝန်ထမ်း ၂၀၀ ကို အိန္ဒိယနိုင်ငံ၌ ၁၀၀၊ မိမိတို့နိုင်ငံ၌ ၁၀၀ လူ ၂၅ ဦးစီ လေးသုတ်ခွဲ၍ သင်တန်းပို့ချခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအပတ်အတွင်းတွင်လည်း အိန္ဒိယသံအမတ်ကြီးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် နောက်ထပ်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်အတွက်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အိန္ဒိယရွေးကောက်ပွဲကော်မရှင်၊ အိန္ဒိယနိုင်ငံအစိုးရ၊ အခြားနိုင်ငံအစိုးရများနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ PR စနစ်နှင့်ပတ်သက်၍ သက်ဆိုင်သည့် State Holder များဖြစ်သည့် နိုင်ငံရေးပါတီများနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ၊ မေ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် လေးကြိမ်တိုင်တိုင်ဆွေးနွေးပြီးဖြစ်ကြောင်း၊ ပထမနှစ်ကြိမ်ဆွေးနွေးသည့်အခါတွင် PR စနစ်ကို အသုံးပြုရန်အတွက် သဘောတူညီချက်ရကြောင်း၊ တတိယအကြိမ် နိုဝင်ဘာလတွင် PR စနစ်နှင့်ပတ်သက်သည့် စာတမ်းများကို ဖတ်ကြားဆွေးနွေးခဲ့ကြောင်း၊ နောက်ဆုံးအကြိမ် ဒီဇင်ဘာလတွင် PR Design အနေဖြင့် ပတ်သက်၍ မည်သည့် Design နှင့် မည်သို့လုပ်မည်ဆိုသည်ကို ပါတီများမှ အသေးစိတ်စာတမ်းများ ဖတ်ပြီးဆွေးနွေးသည့်အတွက် PR စနစ်ထဲမှ မိမိတို့ မြန်မာနိုင်ငံနှင့်သင့်တော်သည့် List PR ဖြစ်သည့် Close List PR စနစ်ကို အသုံးပြုရန်အတွက် ဆွေးနွေးဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ထိုစနစ်ကို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ။

အသုံးပြုရန်အတွက် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ဆောင်ရွက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

သူရိယနေဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် မှတ်ပုံတင်နှင့် မဲပေးခြင်းမဟုတ်ဘဲ မဲဆလစ်များနှင့် မဲပေးခြင်းပြုခဲ့သည့်အတွက်ကြောင့် မဲမသမာမှုများဖြစ်ခဲ့ကြောင်းကို သင်ခန်းစာယူခဲ့ပြီးဖြစ်ကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင်လည်း မဲဆလစ်များနှင့် သာ မဲပေးခွင့်ပြုမည်လား၊ မှတ်ပုံတင်များနှင့် မဲပေးခွင့်ပြုမည်လား ရှင်းရှင်းလင်းလင်းသိလိုကြောင်း မေးမြန်းသည်။

နိုင်ငံသားကတ်ပြားများပြသပြီး မဲပေးရန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မှတ်ပုံတင်ကတ်များအသုံးမပြုခြင်း၊ သက်သေခံ အထောက်အထားကတ်ပြားများကို မပြခြင်း၊ Voter Slip ဟုခေါ်သည့် မဲဆလစ်များကိုသာ အသုံးပြုသည့်အခါတွင် မဲမသမာမှုများဖြစ်ခဲ့ကြောင်းကို မိမိတို့ တွေ့ကြုံရကြောင်း၊ ထို့ကြောင့် လာမည့် ရွေးကောက်ပွဲတွင် သက်သေခံအထောက်အထားဖြစ်သည့် နိုင်ငံသားကတ်များကိုပြသပြီးမှမဲပေးရန် မိမိတို့ စီမံဆောင်ရွက်ထားကြောင်း ပြန်လည်ဖြေကြားသည်။

NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဦးလှသိန်းတာဝန်ယူခဲ့သည့်အချိန်ကာလတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖျက်သိမ်းခဲ့သည့်နိုင်ငံရေးပါတီတချို့ရှိသည်ဟု သိရကြောင်း၊ ၎င်းပါတီများအနေဖြင့် ထိုပါတီများအထဲမှ ပြန်လည်ပြီးနိုင်ငံရေးပါတီမှတ်ပုံတင်ပြန်လျှောက်သည့်ပါတီ မည်မျှရှိသလဲ၊ ခွင့်ပြုပေးပြီးသည့် နိုင်ငံရေးပါတီမည်မျှရှိသလဲ၊ နိုင်ငံရေးပါတီ ၉၃ ပါတီတွင် တစ်ပါတီပယ်ဖျက်လိုက်သည့်အတွက် ၉၂ ပါတီသာကျန်ကြောင်း၊ နောက်ထပ်အသစ်လျှောက်ထားသည့်ပါတီ မည်မျှရှိသလဲ သိလိုကြောင်းမေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက နိုင်ငံရေးပါတီများကို မိမိတို့က တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်းများကို နိုင်ငံရေး ပါတီမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ရကြောင်း၊ သတင်းထောက်ကြီး မေးမြန်းသည့် ပယ်ဖျက်သည့်ပါတီများရှိကြောင်း၊ ပယ်ဖျက်သည့်ပါတီဆိုရာတွင် ပယ်ဖျက်ရသည့် အကြောင်း အမျိုးမျိုးရှိကြောင်း၊ အကြောင်းမှာ ထိုပယ်ဖျက်ခံရသည့်ပါတီများသည် မဲဆန္ဒနယ် သုံးနယ် ယှဉ်ပြိုင်ရကြောင်း၊ မယှဉ်ပြိုင်နိုင်၍ အပယ်ဖျက်ခံရသည်များလည်းရှိကြောင်း၊ သက်ဆိုင်ရာပါတီကိုယ်တိုင်က ပယ်ဖျက်ခွင့်ပြုပါဟု ပယ်ဖျက်ခွင့်တောင်း၍ ပယ်ဖျက်ရခြင်းလည်းရှိကြောင်း၊ အချို့ပါတီများကို မိမိတို့က ၂၄(ဂ)နှင့် ယာယီရပ်ဆိုင်းကြောင်း၊ ရပ်ဆိုင်းသည့်ကာလအတွင်း သတ်မှတ်ထားသည့် ၎င်းပျက်ကွက်သည့်လုပ်ငန်းတစ်ခုကို လုပ်ရန်ညွှန်ကြားထားကြောင်း၊ ထိုညွှန်ကြားချက်ကို မဆောင်ရွက်ခြင်းကြောင့် ပယ်ဖျက်ရခြင်းများလည်းရှိကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ကို ၂၀၁၀ တွင် ပြဋ္ဌာန်းသည့်အခါ အချို့ယခင်ပါတီများသည် ပြန်လည်မှတ်ပုံတင်ရခြင်းများရှိကြောင်း၊ ထိုသို့ မှတ်ပုံတင်သည့်အခါတွင် မှတ်ပုံမတင်သည့်အတွက် သက်မှတ်ချက်များ၊ ညွှန်ကြားချက်များထုတ်ထားသည့်အတိုင်း မဆောင်ရွက်သည့်အတွက် ပယ်ဖျက်ခံရသည့် ပါတီများလည်းရှိကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ-၁၂ တွင် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသည့် ပြဋ္ဌာန်းချက်များရှိကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ (၁၅) တွင် ဖော်ပြပါကိစ္စများဖြစ်လျှင် နိုင်ငံရေးပါတီကို ပယ်ဖျက်ရမည်ဆိုသည့် အကြောင်းခြင်းရာများ ရှိသည့်အတွက် ထိုကိစ္စများနှင့် ငြိစွန်းမည်ဆိုလျှင်လည်း ပယ်ဖျက်ရသည်များရှိကြောင်း၊ မိမိသိရသလောက် ထိုသို့ပယ်ဖျက်ခဲ့ရသည့်ပါတီများ၊ ဆန္ဒအလျောက် ပယ်ဖျက်ခွင့်တောင်းသည့် ပါတီများ စုစုပေါင်း ၃၆ ပါတီခန့်ရှိခဲ့ကြောင်း၊ လက်ရှိတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေ အသစ်များ မိမိတို့ရေးဆွဲပြီးပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ရေးဆွဲ၍ ဥပဒေရေးရာဝန်ကြီးဌာနကလည်းစိစစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ပေးပို့ထားပြီးဖြစ်ကြောင်း၊ ယင်းပြဋ္ဌာန်းချက်များကို အတည်ပြုသည့်အခါ ထိုပြဋ္ဌာန်းချက်များ ထွက်လာမည်ဖြစ်ကြောင်း၊ ယခုလက်ရှိကာလတွင် ထိုဥပဒေသစ်ပြဋ္ဌာန်းပြီးလျှင် ပါတီများသည် သတ်မှတ်သည့် ဥပဒေနှင့်အညီ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်များကို တောင်းခံလာသည့်အခါ မိမိတို့က ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက ဖြေရန်ကျန်ခဲ့သည့် ဦးလှသိန်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တာဝန်ယူသည့်အချိန်ကာလတွင် ဖျက်သိမ်းခဲ့သည့်ပါတီများထဲမှ ပြန်ပြီး လျှောက်ထားသည့်ပါတီများရှိသည်ဟုသိရ၍ ပါတီမည်မျှရှိသလဲ၊ ထိုပါတီများကိုလည်း ခွင့်ပြုရန်အတွက် မည်သို့အခြေအနေရှိသလဲသိလိုကြောင်း မေးမြန်းသည်။

ခွင့်ပြုရန်အနေအထားမရှိ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များသည် ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်က ပြီးပြတ်သည့်အတည်ဖြစ်သည်ဆိုရှိကြောင်း၊ ယခင်ကဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်လျှင် မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေပုဒ်မ (၅၃) အရ စာရွက်စာတမ်းများကိုကြည့်၍ စိစစ်ပြီးမှလိုအပ်သလိုဆုံးဖြတ်၍ရကြောင်း၊ သို့သော် ၎င်းနှင့်ပတ်သက်၍ ဦးလှသိန်းလက်ထက်တွင် ပယ်ဖျက်သည့် နိုင်ငံရေးပါတီများက ထပ်လျှောက်သဖြင့် မိမိတို့အနေဖြင့် ပြန်လည်စိစစ်ပြီးခွင့်ပြုရန် အနေအထားမရှိကြောင်း ပြန်လည်ဖြေကြားသည်။

NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အသစ်ပြန်လည်ရေးဆွဲနေသည့် ဥပဒေ၊ နည်းဥပဒေများတွင် အခက်အခဲကြုံတွေ့နေရသည့် အပိုင်းအချို့ရှိသည်ဟုကြားသိရကြောင်း၊ မည်သို့ အခက်အခဲမျိုးဖြစ်သည်။ ထိုအခက်အခဲကို မည်သို့ပေါင်းစပ်ဖြေရှင်းနေသည်ကို သိလိုကြောင်း မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက သာမန်အားဖြင့် မိမိတို့အခက်အခဲမရှိကြောင်း၊ ယင်းဥပဒေကို အသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ထားခြင်းသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ PR စနစ်ကိုလည်း ပြောင်းရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲက အတွေ့အကြုံများကိုမူတည်၍ ဆောင်ရွက်ရမည့် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေအရ နည်းဥပဒေ လေးခု၊ ယင်းတို့နှင့်ပတ်သက်၍ မိမိတို့အသစ်ရေးဆွဲပြီးမှ အဆင့်အလိုက် စီစဉ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊

စာမျက်နှာ ၁၈ သို့ ★

★ **စာမျက်နှာ ၁၇ မှ**

ယင်းတို့ကို အကောင်းဆုံးဖြစ်အောင် ဥပဒေနှင့်အညီ အမျှတဆုံးဖြစ်အောင် မိမိတို့ဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်းသာရှိပြီး မိမိတို့အနေဖြင့် ထူးထူးခြားခြားအခက်အခဲ မရှိကြောင်း၊ ဝိုင်းဝန်းပြီး အကောင်းဆုံးဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

နိုင်ငံ့အကျိုးပြုသတင်းမီဒီယာမှ သတင်းအယ်ဒီတာ ကိုခန့်က မိမိတို့နိုင်ငံတွင် ပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကျင်းပချိန်နီးမှသာလျှင် ပြည်သူ့အတွက်ဆို၍ ဆောင်ပုဒ်အမျိုးမျိုး၊ နားထောင်ကောင်းသည့် မဲဆွယ်မှုအသွယ်သွယ်နှင့် လွှတ်တော်တွင် အမတ်အဖြစ် ဝင်ရောက်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးနေခြင်းများကို တွေ့ရှိရကြောင်း၊ ကျန်သည့်အချိန်များတွင် ပြည်သူအတွက် ဆောင်ရွက်ခြင်းမရှိသလို အနစ်နာခံခြင်းများမရှိခြင်းကိုလည်း တွေ့ရကြောင်း၊ ရေဘေး၊ မီးဘေး၊ သဘာဝဘေးများ ကျရောက်သည့်အခါ တပ်မတော်မှ တပ်မတော်သားများနှင့် မိသားစုဝင်များသာ ဆောင်ရွက်နေကြောင်းကို တွေ့ရှိရကြောင်း၊ ယခုလိုနိုင်ငံရေး အကျပ်အတည်းဖြစ်ချိန်မှာ ပို၍သိသာထင်ရှားကြောင်း၊ ပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများသည် ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ တပ်မတော်နှင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသလို ရေသာခိုအချောင်သမား ပါတီနိုင်ငံရေးသမားများသာ တွေ့ရှိရကြောင်း၊ ၂၀၂၃ ရွေးကောက်ပွဲနီးမှသာလျှင် ပြည်သူ့အတွက်ဆို၍ ခေါင်းစဉ်ထားခြင်းများ အသုံးပြုမည့်ပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများကိုလည်း တွေ့ရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်သူ့အတွက် အလေးထားသောပါတီများ၊ ပြည်သူ့အတွက် အကျိုးပြုမည့်ပါတီ ကိုယ်စားလှယ်လောင်းများ မွေးထုတ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

ပြည်သူ့အကျိုးကိုသယ်ပိုးဆောင်ရွက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပါတီကိုယ်စားလှယ်ဆိုသည်များ သည် များသောအားဖြင့် ၎င်းကိုယ်စားလှယ်၏ အထက်တွင် နောက်ခံ Background မှ ပါတီများ ရှိကြောင်း၊ တစ်သီးပုဂ္ဂလဆိုသည်မှာ နည်းကြောင်း၊ ပါတီများ၊ ရွေးချယ်ရသည့် ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်ရည်ရွယ်လျှင် ခိုင်မာအားကောင်းသည့် ပါတီများရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေတွင်လည်း အားကောင်းခိုင်မာသည့် ပါတီများဖြစ်ပေါ်ရန်အတွက် မိမိတို့ရည်ရွယ်၍ လိုအပ်သလိုပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ထို့အတူ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများတွင်လည်း ယင်းကိုယ်စားလှယ်များသည် အရည်အသွေးရှိသည့်၊ အရည်အချင်းရှိသည့် ကိုယ်စားလှယ်များဖြစ်လာရန်အတွက် မိမိတို့မျှော်မှန်းပြီး ဆောင်ရွက်ထားကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် သတင်းထောက်ကြီး မေးမြန်းသကဲ့သို့ အရည်အချင်းများနှင့်ပြည့်စုံအောင် မိမိတို့တတ်နိုင်သည့်ဘက်၊ မိမိတို့ဆောင်ရွက်နိုင်သည့်ဘက်ကနေ ဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

SkyNet Media မှ ထုတ်လုပ်သူ ဦးသွင်ထူးအောင်က တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်မည်ဟု ကြေညာထားသည်ကို သိရှိရကြောင်း၊ သင်ကြားရေးအတွက် မည်သို့ပြင်ဆင်ထားသည်ကို သိလိုကြောင်း၊ အခြေခံပညာကျောင်းများ၏ စာသင်နှစ်တွင် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရန်အစီအစဉ် ရှိ/မရှိ၊ မည်သို့စီစဉ်ထားသည်ကိုသိလိုကြောင်းနှင့် ကိုဗစ်ဆိုင်ရာ ထိန်းချုပ်ကန့်သတ်မှုများအား ထပ်မံပြင်ဆင်သတ်မှတ်ရန် အစီအစဉ်ရှိ/မရှိတို့နှင့်ပတ်သက်၍ သိလိုပါကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက အခြေခံပညာကျောင်း

များနှင့်ပတ်သက်၍ ဖွင့်လှစ်မည့်နေ့၊ ကျောင်းလက်ခံမည့်နေ့များကို ပြောပြီးဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ ပြောင်းလဲမှုမရှိကြောင်း၊ တက္ကသိုလ်များနှင့်ပတ်သက်၍ မည်သည့်နေ့တွင် ဖွင့်လှစ်မည်၊ အဝေးသင်များကို မည်သည့်နေ့တွင် ဖွင့်လှစ်မည်ကိုကြေညာပြီးဖြစ်ကြောင်း၊ အသေးစိတ်ကို ပညာရေးဝန်ကြီးဌာနမှ ဖြေကြားပေးစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

Check List ရေးဆွဲထား

ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရာတွင် သင်ကြားရေးကိစ္စများကို ပထမတစ်ချက်အနေဖြင့် ကိုဗစ်ရောဂါကာကွယ် တားဆီးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ Check List ရေးဆွဲထားကြောင်း၊ Check List များနှင့်အညီ သက်ဆိုင်ရာတက္ကသိုလ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်သည် သင်ရိုးညွှန်းတမ်းဖြစ်ကြောင်း၊ ယခင်ပုံမှန် သင်ရိုးညွှန်းတမ်းဆောင်ရွက်ရာတွင် အကြမ်းဖျင်းအားဖြင့် ကျောင်းဖွင့်သည့် ရက်သည် ရက်ပေါင်း ၈၀ ဖြစ်ကြောင်း၊ ယခု ၅၃ ရက်နှင့် ဖွင့်မည်ဖြစ်ကြောင်း၊ ၅၃ ရက်ဖြင့် ဖွင့်မည်ဆိုပါက ရာခိုင်နှုန်းအားဖြင့် ၆၆ ရာခိုင်နှုန်းသာရှိခြင်းကြောင့် သုံးပုံနှစ်ပုံဖြင့်သာ သင်ကြားသွားမည်ဖြစ်ကြောင်း၊ ယင်းသို့သင်ကြားရာတွင် ကျောင်းသား ကျောင်းသူများ သိရှိတတ်မြောက်ရန်အတွက် လိုအပ်သည့် သင်ရိုးညွှန်းတမ်းကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်တို့တွင် သင်ကြားပေးနေသည့် ဆရာကြီး ဆရာမကြီးများဦးဆောင်၍ ရေးဆွဲထားခြင်းရှိကြောင်း၊ Credit Unit ပြည့်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်တစ်ခုမှာ ဆရာ ဆရာမများ ဖြည့်ဆည်းရန်အတွက် သင်ကြားရေးနှင့် စီမံဝန်ထမ်းများဖြည့်ဆည်းထားကြောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် နည်းပြ/သရုပ်ပြအသစ် ၃၅၅၈ ဦးခန့်ထားပါကြောင်း၊ ၎င်းတို့ကိုလည်း မွမ်းမံသင်တန်းများ သင်ကြားပေးပြီးဖြစ်ကြောင်း၊ ယခု ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် နည်းပြသရုပ်ပြများ ခန့်အပ်နိုင်ရန်အတွက် သက်ဆိုင်ရာ စာမေးပွဲများလည်း စစ်ဆေးထားပြီးဖြစ်ကြောင်း၊ ဇူလိုင်လကုန်ပိုင်းတွင် ဆက်လက်ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း ဖြေကြားသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက ရွေးကောက်ပွဲကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ဖြေကြားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်ပါဝင်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ပြီးစီးပါက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးမည်ဟုပါရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ အာမခံပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးကျင့်သုံးရမည့်စနစ်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဟု ပါရှိပြီးဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတစ်ရပ်လုံး၏ သဘောထား ဆန္ဒခံယူပြီးမှ ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများရှိကြောင်း၊ ၁၉၄၇ အခြေခံဥပဒေသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒခံယူပွဲနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေမဟုတ်ကြောင်း၊ ၁۹۷۴ အခြေခံဥပဒေသည် တိုင်းပြူ ပြည်ပြွှေလွှတ်တော်တွင် တင်ပြီးအတည်ပြုထားသည့် ဥပဒေမဟုတ်ကြောင်း၊ ၁۹۷۴ အခြေခံဥပဒေသည် တိုင်းပြည်တစ်ပြည်လုံးတွင် ဆန္ဒခံယူမဲပေးပြီး ကျင်းပသည့် ဥပဒေဖြစ်ကြောင်း၊ ထို့အတူ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည်လည်း အလားတူဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲဟု သုံးနှုန်းခြင်းဖြစ်ကြောင်း၊ General Election ဟု သုံးနှုန်းခြင်းဖြစ်ကြောင်း၊ ယင်းစကားရပ်နှင့်အညီ တစ်နိုင်ငံလုံးတွင် အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မိမိတို့ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ပြည်သူလူထုအားလုံး မည်သည့်ခြိမ်းခြောက်မှု၊ မတရားလွှမ်းမိုးမှုမှမရှိဘဲ မဲပေးရာတွင် မိမိဆန္ဒဖော်ပြနိုင်ရေးအတွက် မိမိတို့အစိုးရအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်ကာလရှည်ကြာနေပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများနှင့် လက်နက်ကိုင် လွှမ်းမိုးမှုနှင့် ခြိမ်းခြောက်မှု၊ မတရားလွှမ်းမိုးမှုများ ကင်းဝေးမှသာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများရှိနေသေးပါက လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ခက်ခဲပါကြောင်း၊ ရွေးကောက်ပွဲမလုပ်ပါက မိမိတို့တိုင်းပြည်သာ နစ်နာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက်ပြည်သူ့အားလုံး ပိုင်းဝန်းကူညီ ဆောင်ရွက်ကြစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

လုပ်ကြံသတ်ဖြတ်ခြင်းများ ခံစားရလျက်ရှိ

သူရိယနေဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦးက မြန်မာတစ်နိုင်ငံလုံးတွင် ယနေ့အချိန်အထိ အကြမ်းဖက် PDF များ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ပြည်သူများခံစားရလျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် အဆိုးရွားဆုံးဖြစ်မည်ဟု ပြောလိုကြောင်း၊ မိမိ၏ဇာတိမြို့ဖြစ်သော မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင်လည်း ယခုရက်ပိုင်းတွင် အကြမ်းဖက် PDF များ၏ လုပ်ကြံသတ်ဖြတ်မှုများကြောင့် နေ့စဉ်နှင့်အမျှ သေဆုံးမှုများရှိနေကြောင်း၊ အကြမ်းဖက် PDF များကြောင့် မခံနိုင်သည့် ပြည်သူများက အုပ်စုများဖွဲ့၍ တန်ပြန်ခုခံလုပ်ဆောင်မှုများ ရှိလာကြောင်း၊ အချို့ဒေသများတွင် ပြည်သူ့စစ်များ ဖွဲ့စည်းထားကြောင်း၊ ပြည်သူ့စစ်များတွင် လူအင်အား၊ စိတ်ဓာတ်အင်အား ခိုင်မာစွာရှိနေသော်လည်း လက်နက်အင်အားမလုံလောက်သည့်အတွက် အကြမ်းဖက်များအား ရင်ဆိုင်တွန်းလှန်ရန် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့စစ်များနှင့် တစ်နိုင်ငံလုံးတွင်ရှိသော ပြည်သူ့စစ်မဟာဗျူဟာများ လွှမ်းမိုးရန်မည်သို့လုပ်ဆောင်ရန်နှင့် လက်နက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်သူ့ပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ပြောပြီးဖြစ်ကြောင်း၊ ပြည်သူ့ပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ပြည်သူ့ပါဝင်သည့် အင်အား၊ လိုအပ်သည့်အထောက်အပံ့ပစ္စည်း အပြည့်အစုံတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အပြိုင်အဆိုင်အဖွဲ့အစည်းဆိုရာတွင်လည်း ဂရုစိုက်ရန်လိုကြောင်း၊ အချို့အရာများသည် လူမှုကွန်ရက်စာမျက်နှာများနှင့် အခြားမီဒီယာများ လှုံ့ဆော်နေသည်ကိုလည်း တွေ့ကြမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ယခုခေတ်စားနေသည့် သွေးသောက်အဖွဲ့ကဲ့သို့ အဖွဲ့အစည်းများကို တွေ့ကြရမည်ဖြစ်ကြောင်း၊ NLD လက်ထက်တွင် နေပြည်တော်၌ မည်သည့်အဖွဲ့အစည်းပေါ်ပေါက်ခဲ့သည်ဆိုသည်ကို ပြန်လည်ပြောလိုကြောင်း၊ အမည်အတိအကျမမှတ်မိသော်လည်း မျိုးချစ်ရဲဘော်များအဖွဲ့၊ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ဆို၍ ပေါ်ပေါက်ခဲ့ဖူးကြောင်း၊ ဇာစ်မြစ်ကိုလိုက်ရာတွင် ၎င်းတို့သည် NLD အစိုးရကို ဆန့်ကျင်ရန်အတွက် တပ်မတော်မှစစ်သားဟောင်းများ၊ စစ်မှုထမ်းဟောင်းများနှင့် ဖွဲ့စည်းထားသလိုလို ပြောကြကြောင်း၊ အခြေအမြစ်မရှိသည့်အဖွဲ့ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အခြေအမြစ်မရှိဘူးဟုဆိုရာတွင် မိမိတို့ဘက်တွင် အခြေအမြစ်မရှိသော်လည်း ယင်းတို့ဘက်တွင် အခြေအမြစ်ရှိကြောင်း၊ ဇာစ်မြစ်ကိုလိုက်ရာတွင် တစ်ဖက်အဖွဲ့အစည်းမှ လုပ်ကြံပြီး ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်နေသည်ကို တွေ့ရကြောင်း။

အချို့သတင်းများသည် ဂရုစိုက်ရန်လို

လက်ရှိအချိန်တွင် မိမိတို့ဂရုစိုက်ရမည်မှာ မြန်မာနိုင်ငံအတွင်း ယင်းတို့အဖွဲ့အစည်းများက သံဃာတော်များအား သတ်ဖြတ်ခြင်း၊ နေအိမ်များမီးရှို့ခြင်း၊ ရွာများမီးရှို့ခြင်းများကို အကြမ်းဖက် PDF များကလုပ်ဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ NUG အဖွဲ့အစည်းမှ ဝန်ကြီးအချို့ကိုယ်တိုင် လှုံ့ဆော်နေကြောင်း၊ စာသင်ကျောင်းများကို ဗုံးခွဲရန်နှင့် အကြမ်းဖက်သတ်ဖြတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်လှုံ့ဆော်မှုများနှင့်ပတ်သက်ပြီး တုံ့ပြန်မှုများကို ၎င်းတို့ ခံစားနေရခြင်းဖြစ်ကြောင်း၊ တုံ့ပြန်မှုများခံစားရသည့်အချိန်တိုင်းတွင် အထက်မှာပြောခဲ့သည့်အတိုင်း တပ်မတော်ကအဖွဲ့ဖွဲ့စည်းပြီး သတ်နေသယောင်ယောင်ဖြင့် ပြောကြားနေကြောင်း၊ မိမိပြောလိုသည်မှာ နီနီ မနီနီ သဘောမတူလျှင် အကျိုးစီးပွားထိခိုက်လာရင် တစ်နိုင်ငံလုံးပတ်ရမ်းပြီး သတ်နေသည်မှာ ၎င်းတို့အဖွဲ့အစည်းတစ်ခုသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ကာကွယ်စောင့်ရှောက်နေသည့် မီဒီယာများအနေဖြင့် အချို့သတင်းများသည် ဂရုစိုက်ရန်လိုကြောင်း၊ ကိုယ့်အကျိုးကို လိုလားနေသယောင်နှင့် အတွင်းထဲကိုဝင်ပြီး လှိုက်စားသည့် အပြုအမူများကို ဂရုစိုက်ရန် လိုအပ်သည်ဟု တိုက်တွန်းလိုကြောင်း။

တရားဝင်ဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့အစည်းရှိကြောင်း၊ ပြည်သူ့စစ်သည် နိုင်ငံတော်တွင် ကျင့်သုံးနေသည့် အခြေခံဥပဒေတွင် အတိအလင်းပါရှိပြီးဖြစ်ကြောင်း၊ ပြည်သူ့စစ်မဟာဗျူဟာနှင့် ပတ်သက်ပြီး တပ်မတော်အနေဖြင့် ၁၉၅၉ ခုနှစ် တပ်မှူးကြီးများ ညီလာခံအပြီး နောက်ပိုင်းကတည်းက စတင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ လက်ရှိကာကွယ်ရေး မဟာဗျူဟာတွင်လည်း ပြည်သူ့စစ်မဟာဗျူဟာ ဆို၍ရှိကြောင်း၊ မိမိတို့ ဥပဒေစည်းမျဉ်းစည်းကမ်းများ အရလည်း နယ်မြေတစ်နေရာ၊ ဒေသတစ်ခုခုဌာနဖြစ်စေ လုံခြုံရေးအရ လိုအပ်ပါက ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပိုင်ခွင့်ရှိကြောင်း၊ အစိုးရအနေဖြင့် ပြည်သူ့လူထု၊ နယ်မြေခံဒေသလူထု၏ တောင်းဆိုချက်နှင့် အညီ

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

တရားဝင်ဖွဲ့စည်းခွင့်ရှိသည့် ပြည်သူ့စစ်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်ထားခြင်းမရှိကြောင်းကို တိတိလင်းလင်းပြောလိုကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ဆောင်နေခြင်းသည် အတွင်းဝင်ပြီးမီးရှို့ခြင်း၊ အတွင်းဝင်ပြီးလှိုက်စားခြင်းလုပ်နေသည်များရှိနေသည့် အချို့လုပ်ငန်းများရှိသည်ကို သတိချပ်စေလိုကြောင်း ပြန်လည်ဖြေကြားသည်။

သူရိယနေဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦးက အကြမ်းဖက်များ၏ဘေးရန်ကို ကာကွယ်ရှောင်ရှားလိုသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူလူထု၏ တောင်းဆိုချက်များရှိကြောင်း၊ ယင်းမှာ စစ်ဘေးရှောင်စခန်းကဲ့သို့ Safe Zone တစ်ခုဖွင့်လှစ်ပြီး ဒုက္ခသည်များကို လက်ခံထားရှိရန် အကြံပြုခဲ့ကြောင်း၊ PDF အကြမ်းဖက်သမားများအား အကြမ်းဖက်ဟုသတ်မှတ်ထားပြီး အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုနှင့် တပ်မတော်ကို ထောက်ခံသည့် ပြည်သူများကသာ ၎င်းတို့၏လုပ်ရပ်များကို အကြမ်းဖက်ဟုသတ်မှတ်ထားသော်လည်း အချို့မီဒီယာများနှင့် နိုင်ငံတကာများက အကြမ်းဖက်ဟုမမြင်ကြောင်း၊ ထို့ကြောင့် အကြမ်းဖက်ဟုသက်သေပြရန်အတွက် အကြမ်းဖက် PDF များကြောင့် ဒုက္ခရောက်လာသည့်ပြည်သူများကို ဒုက္ခသည်စခန်းတစ်ခုအနေဖြင့် တည်ရှိပါက လာရောက်ခိုလှုံသည့် ပြည်သူများက PDF အကြမ်းဖက်များကို အကြမ်းဖက်ဟုသတ်မှတ်ရန် လုံလောက်သည့် သက်သေတစ်ခုဖြစ်မည်ဟု မိမိအနေဖြင့် ယူဆမိကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှအစပြု၍ Safe Zone များတည်ဆောက်ပြီး လာရောက်ခိုလှုံလိုသည့် ပြည်သူများကို လက်ခံထားရှိရန် အစီအစဉ် ရှိ/မရှိသိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းက အဆိုပါကိစ္စနှင့်ပတ်သက်ပြီး လောလောဆယ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည်များရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာကိုပြသနိုင်သည်အထိ၊ နိုင်ငံတကာက အာရုံစိုက်လာနိုင်သည်အထိ လုပ်ဆောင်နိုင်ခြင်းမရှိသေးကြောင်း၊ အချို့သော လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ အချို့သံဃာတော်များက ၎င်းတို့ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်ပြီး PDF အကြမ်းဖက်သမားများ မီးရှို့ခြင်း၊ သတ်ဖြတ်ခြင်းတို့ကို ကြောက်ရွံ့၍ ခိုလှုံနေရသည့်သူများကို လက်ခံထားခြင်းများရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နတလကဲ့သို့အဖွဲ့များက ဝိုင်းဝန်းကူညီနေသည်များရှိကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ယခုကဲ့သို့ထောက်ပြပြောဆိုခြင်းများကိုလည်း ကျေးဇူးတင်ကြောင်းနှင့် မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် ကိုဥက္ကာက အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ ၎င်းတို့အစီအစဉ်ဖြင့် စာသင်ကျောင်း ၂၀ ကျော်ဖွင့်လှစ်ပြီးသည်ဟု သတင်းများထွက်ပေါ်နေကြောင်း၊ ဧပြီ ၂၃ ရက်အထိ ထွက်ပေါ်လာသည့် သတင်းများအရ ၂၃ ကျောင်းရှိသည်ဟု သိရကြောင်း၊ အုံ့သြစရာကောင်းသည်မှာ လက်ရှိအသုံးပြုနေသည့် သင်ရိုးညွှန်းတမ်းများဖြင့် ပြဋ္ဌာန်းထားသည့်စာအုပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်သည့်အခါ ကျွန်ပညာရေးဟုပြောဆိုပြီး ၎င်းတို့က အဆိုပါစာအုပ်များဖြင့် ပြဋ္ဌာန်းသည့်အခါတွင် သခင်ပညာရေးစနစ်ဟု ခေါင်းစဉ်တပ်ထားသည်ကိုတွေ့ရကြောင်း၊ အဓိကသိလိုသည်မှာ ယခုလို ၎င်းတို့အနေဖြင့် ကျောင်းများဖွင့်နေပြီး ဆောင်ရွက်နေသည်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် မည်သို့သဘောထားရှိပြီး မည်သို့ဆောင်ရွက်မည်ကိုသိလိုကြောင်း မေးမြန်းသည်။

ဗိုလ်ချုပ် ဇော်မင်းထွန်းက ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲများတွင် ပြောကြားရာတွင် မှတ်မိလွယ်စေရန် ပြောဆိုရခြင်းများရှိခြင်းကြောင့် အချို့စကားလုံးများသည် ကြမ်းတမ်းမှုများလည်းရှိနိုင်ကြောင်း၊ ယခုပြောမည့် စကားအသုံးအနှုန်းတွင် ကျောင်းသားများကို မျောက်ဟုပြောဆိုခြင်းမဟုတ်ကြောင်း၊ ၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ မျောက်ပြဆန်တောင်းလုပ်ခြင်းဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာတွင် နံပါတ်တစ်သည် ပညာရေး၊ နံပါတ်နှစ်သည် ကျန်းမာရေးဟု သတ်မှတ်ထားကြောင်း၊ စစ်ပွဲဖြစ်နေလျှင်ပင် ကျောင်းနှင့် ဆေးရုံတို့ကို အထူးရှောင်ရှားရကြောင်း၊ ပြည်တွင်း၌ဖြစ်နေသည့် ပဋိပက္ခမဆိုထားနှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံဖြစ်နေသည့် စစ်ပွဲပင်လျှင် ထိုသို့ ရှောင်ရှားကြရကြောင်း၊ လက်ရှိ၎င်းတို့လုပ်ရပ်သည် မည်သည့်နေရာကိုမှ ရှောင်ရှားခြင်းမရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကိုဗစ်ဖြစ်ပွားနေသည့် ကာလတွင် အောက်ဆီဂျင် အသည်းအသန်လိုအပ်နေသည့်အချိန်တွင် အောက်ဆီဂျင်ကားကို ဗုံးခွဲခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ အလားတူ ဆေးရုံကိုပို့ဆောင်မည့် လူနာတင်ယာဉ်ကို ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း၊ ဆရာ ဆရာမများကို စာမသင်ရန် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ကျောင်းများကို ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဆရာ ဆရာမများက ကျောင်းဖွင့်ရန် အစည်းအဝေးပြုလုပ်နေသည့်နေရာရှိ ဆိုင်ကယ်များကို မီးရှို့ခဲ့ကြောင်း၊ ထိုလုပ်ရပ်များကို မြန်မာပြည်သူပြည်သားအားလုံး သိထားပြီးဖြစ်ကြောင်း၊ ၁၉၄၈ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးကာလ ကတည်းက တပ်မတော်နှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် မည်သည့် EAOs မှ ထိုသို့လုပ်ရပ်များကို လုပ်ဆောင်ခြင်းမရှိကြောင်း၊ ထိုသို့သော လုပ်ရပ်များ လုပ်ဆောင်နေခြင်းကို မိမိပြောခဲ့သည့် ဖုံး၊ ဖိ၊ ဖာ၊ ဖောက်ဆိုသည့် မီဒီယာများက ဖာပေးနေကြောင်း၊ အဆိုပါလုပ်ရပ်များကို တပ်ကလုပ်သယောင်ယောင်၊ ဒီဘက်အဖွဲ့အစည်းက လုပ်သယောင်ယောင်နှင့် ထိုလုပ်ရပ်များကို မဖုံးနိုင်သဖြင့် နိုင်ငံတကာမှ လည်း သိသွားသည့်အတွက် အချို့နေရာများတွင် အရိပ်အမြွက် ထည့်ရေးရသည်များရှိကြောင်း၊ ထို့ကြောင့် မျောက်ပြဆန်တောင်းလုပ်ကြကြောင်း၊ ပြည်သူများအနေဖြင့် စဉ်းစားစေလိုကြောင်း။

စနစ်တကျ သင်ရိုးညွှန်းတမ်း၊ စနစ်တကျ သင်တန်းတက်ထားသည့် ဆရာ ဆရာမများ၊ စနစ်တကျ အေးချမ်းသည့်နေရာတွင် သင်နေသည့်စာသင်ကျောင်းများ၌ပင် စာတတ်မြောက်မှု မည်မျှရှိသည်ကို လက်တွေ့စမ်းသပ်ကြည့်၍ရကြောင်း၊ ၎င်းတို့ပြောသည့်ကျောင်းများသည် မည်သည့်နေရာတွင် ဖွင့်လှစ်ထားသည် မည်သူများကသင်ကြားသည် ဆိုခြင်းသည် မျောက်ပြဆန်တောင်းလုပ်ခြင်းသာဖြစ်ကြောင်း၊ နိုင်ငံတကာဖြစ်စေ၊ အလှူရှင်များဖြစ်စေ၊ ပြစားလို့ရအောင် လုပ်ခြင်းသာဖြစ်ကြောင်း၊ မိမိစောစောကပြောသကဲ့သို့ အကြွေးတောင်းသကဲ့သို့ တကျီကျီတောင်းနေသည်ဆိုခြင်းမျိုး လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ လုပ်ပြပါဆိုသည့်အတိုင်း လုပ်ပြသည့် ပြယုဂ်များသာဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး မိမိပြောလိုသည်မှာ မူမမှန်သည့်အကြမ်းဖက်အဖွဲ့အစည်းများ၏ ပြည်သူများအပေါ်ထားရှိသည့် ၎င်းတို့၏ စိတ်ဓာတ်အရင်းအမှန်သာဖြစ်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

ကလိန်အောင်မြို့တွင် ကိုကိုးသီးစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်

ထားဝယ် မေ ၁

ထားဝယ်ခရိုင် ကလိန်အောင်မြို့တွင် ကိုကိုးသီးစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကလိန်အောင်မြို့တွင် ကိုကိုးပင်ကို မိုးဦးရာသီဖြစ်သည့် ဇွန်လတွင် စတင်စိုက်ပျိုးပြီး မြေအစိုဓာတ်ကောင်းသည့် နုန်းမြေ၊ သဲနုန်းမြေတို့တွင် စိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် အပင်အကွာအဝေးအနေဖြင့် တစ်ပင်နှင့် တစ်ပင် ၁၅ ပေအကွာတွင် စိုက်ပျိုးလေ့ရှိသည်။

"ကိုကိုးပင်ရဲ့သဘာဝအရ အပင်ငယ်စဉ်မှာ အရိပ်ကျဲကျဲလိုအပ်ပြီး ကလိန်အောင်မြို့မှာ အုန်းခြံ၊ ကွမ်းသီးခြံတွေကြားမှာ သီးညှပ်အနေနဲ့ စိုက်ပျိုးကြပါတယ်။ ကိုကိုးပင်ကို စတင်စိုက်ပျိုးပြီး သုံးနှစ်အကြာမှာ အပွင့်စတင်ပွင့်ပြီး အသီးအနည်းငယ် စသီးပါတယ်။ နောက်ပြီး ငါးနှစ်ခန့် ကြာမှသာ စီးပွားဖြစ် ခူးဆွတ်ရောင်းချနိုင်ပါတယ်"ဟု ကိုကိုးစိုက်တောင်သူ ဦးနေလင်းအောင်က ပြောသည်။ သုံးနှစ်သားအရွယ်တွင် တစ်ပင်ကို နှစ်ပိသာခန့် သီးပြီး ငါးနှစ်သား၊ ခြောက်နှစ်သားအရွယ်တွင် တစ်ပင်ကို ရှစ်ပိသာမှ ကိုးပိသာခန့်အထိသီးကြောင်း သိရသည်။ နှစ်ရှည်သီးနှံဖြစ်သည့်အတွက် နှစ် ၃၀ အထိ ထုတ်လုပ်ရောင်းချနိုင်ကြောင်း သိရသည်။

ကလိန်အောင်မြို့တွင် ကိုကိုးသီး လက်ရှိပေါက်ဈေးသည် အစိုတစ်ပိသာကို ငွေကျပ် ၆၅၀ ပေါက်ဈေးရှိပြီး ကုန်ချောထုတ်လုပ်မှုအနေဖြင့် ကိုကိုးချောကလက် အမျိုးအစား သုံးမျိုး၊ ကိုကိုးထောပတ်၊ ကိုကိုးလက်ဖက်ခြောက်နှင့် ကိုကိုးပေါင်ဒါစသည့် ကုန်ချောပစ္စည်း ခြောက်မျိုးကို ကလိန်အောင်မြို့ အောင်ဇမ္ဗူထုတ်လုပ်ရေးမှ စတင်ထုတ်လုပ်ရောင်းချနေပြီဖြစ်သည်။ ကုန်ချောထုတ်ကုန်များကို ရန်ကုန်မြို့အပါအဝင် အမြို့မြို့အနယ်နယ်သို့ ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

ကိုကိုးပင်သည် သီးညှပ်စိုက်ပျိုးရခြင်းဖြစ်သည့်အတွက် မြေသီးသန့်မလိုဘဲ တောင်သူများအတွက် အပိုဝင်ငွေရရှိနိုင်ပြီး တိုးချဲ့စိုက်ပျိုးသင့်သော သီးနှံတစ်ခုဖြစ်ကြောင်း၊ ကလိန်အောင်မြို့မှာ ကိုကိုးပင်ကို ၄၅ ဧကကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတကာက ကိုကိုးအသီးအစေ့ခြောက်ကိုလည်း ထွက်သလောက် ဝယ်ယူရန် ကမ်းလှမ်းလာခြင်းမျိုးရှိနေပြီဖြစ်ကြောင်း၊ ထားဝယ်ခရိုင် ကလိန်အောင်မြို့ မိကျောင်းလှောင်းကျေးရွာတွင် နေထိုင်သည့် ကိုကိုးစိုက်တောင်သူ ဦးနေလင်းအောင်ထံမှ သိရသည်။

ရွှေပင်လယ်(ထားဝယ်)

ရမည်းသင်းမြို့နယ်အတွင်း၌ မိုးဦးသီးနှံ စိုက်ပျိုး

ရမည်းသင်း မေ ၁

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့နယ် အတွင်းရှိ ကျေးရွာများ၌ ယခုအခါစိုက်ပျိုးရေရရှိသောကြောင့် မိုးဦးသီးနှံများ စိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့ မိုးဦးသီးနှံစိုက်ပျိုးရာတွင် ပဲတီစိမ်း၊ မြေပဲနှင့် နှမ်းတို့ကို စိုက်ပျိုးကြပြီး အများအားဖြင့် ပဲတီစိမ်းကို စိုက်ပျိုးကြကြောင်း သိရသည်။ ရေဆင်း ၁၁၊ ရေဆင်း ၁၄ စသော ပဲတီစိမ်းမျိုးများကို စိုက်ကြပြီး ရေဆင်း ၁၄ ပဲတီစိမ်းမျိုးကို အစိုက်များသည်။ ပဲတီစိမ်းမျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ ဝန်းကျင်ဝယ်ယူရပြီး တစ်ဧကလျှင် ပဲတီစိမ်းမျိုးစေ့ လေးပြည်ခန့်ကုန်သည်။ နှမ်းနှင့် မြေပဲမှာ ဒေသမျိုးကိုသာ စိုက်ပျိုးကြသည်။

မိုးဦးသီးနှံ စိုက်ပျိုးချိန်ဖြစ်၍ နွားထွန်ရှဉ်း၊ လယ်ယာသုံးထွန်စက်တို့ဖြင့် ထွန်အင်္ဂၢားလိုက်သူများ၊ ပဲစိုက်၊ နှမ်းစိုက်နေ့စား အလုပ်သမားများ အလုပ်အကိုင်ရှိ

၍ ဝင်ငွေရကြကြောင်း သိရသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုစောလို့ စိုက်ပျိုးရေရရှိသောကြောင့် မိုးဦးသီးနှံများ စိုက်ပျိုးကြပြီဖြစ်သည့် အပြင် နွားစာအတွက် ပြောင်းကို လည်း စိုက်ပျိုးပြီးဖြစ်ကြောင်း၊ နောက်ပိုင်း ငရုတ်စိုက်ပျိုးရန်အတွက် ငရုတ်ကိုလည်း ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

မေလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ ၈ ရက်မှ ၁၃ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေ ၆ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေ ၃ ရက်မှ ၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မိုး/ဧလ

ပုံပြင်

တံငါသည်လင်မယား

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

နောက်တစ်နေ့ နံနက်တွင် ဇနီးသည်သည် အိပ်ရာမှနိုးလာသောအခါ လင်ယောက်ျားကို နှိုးလေ၏။ ဇနီးသည်က သူသည် မြို့စားကြီးဖြစ်လိုကြောင်း ယောက်ျားအား ပြောပြလေသည်။ ဤတွင် တံငါသည်က အတန်တန် တောင်းပန်၏။ သို့သော် မရ။ ဇနီးက ငါးကြီးထံသွား၍ မြို့စားအဖြစ်ဆောင်ရွက်ပေးဖို့ တောင်းဆိုရန်သာ စေခိုင်းသည်၊ တောင်းပန်၏။ တံငါသည်သည် စိတ်မချမ်းမြေ့စွာနှင့်ပင် ငါးကြီးထံ သွားရပြန်သည်။ ဤအကြိမ်တွင်မူ ပင်လယ်ပြင်သည် ညိုမှောင်၍ အမြှုပ်များ ထနေသည်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ ငါးကြီးသည် တံငါသည်တောင်းသောဆုကိုမူ ပေးလိုက်သည်။ သူ အိမ်ပြန်ရောက်သော အခါ ဇနီးသည်မှာ မြို့စားကြီးဖြစ်နေသည်ကို တွေ့ရလေသည်။ နန်းတော်မှာလည်း ပိုမိုခံညားနေသည်။ အစေအပါးများလည်း ပိုမိုများပြားနေသည်။ သို့သော် သူ၏ဇနီးမူကား ထိုအခြေအနေကိုပင် မရောင့်ရဲနိုင်။ ဘုရင်အဖြစ် တောင်းဆိုပေးရန် သူ့အား တိုက်တွန်းပြောဆိုပြန်သည်ကို အံ့သြစွာကြုံတွေ့ရလေသည်။

ထို့ကြောင့် သူသည် ညှိုးငယ်စွာဖြင့်ပင် ပင်လယ်ကမ်းခြေသို့ သွားရပြန်သည်။ ထိုအခါ၌ကား ပင်လယ်ပြင်သည် မည်သည့်နက်၍ နောက်ကျိုနေပြီ။ လေပွေများလည်း ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လျက်ရှိပြီ။ သို့ပင်ဖြစ်သော်လည်း သူသည် ဇနီးသည်မှာသည့်အတိုင်း ငါးကြီးအားခေါ်ကာ ဘုရင်အဖြစ် ဖန်ဆင်းပေးဖို့ တောင်းဆိုပြန်လေသည်။ ငါးကြီးက "ကောင်းပြီ"ဟု ဝန်ခံလိုက်သည်။

တံငါသည် ပြန်သွားသောအခါတွင် နန်းတော်ဝင်းအတွင်းဝယ် စစ်တပ်များကိုတွေ့ရသည်။ တံပိုးသံ၊ ခရာသံများကိုလည်း ကြားရသည်။

တံငါသည် နန်းတွင်းသို့ဝင်ရောက်သွားသောအခါ၌ သူ၏ဇနီးသည်ကား ရာဇဝေလွှင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရ၏။ သူ့ဇနီးခေါင်းပေါ်တွင်လည်း ရွှေသရဖူဆောင်းထားသည်ကို မြင်ရသည်။ မည်သို့ပင်ဖြစ်စေ လောဘကြီးသော ဇနီးသည်ကား ထိုမျှနှင့် မကျေနပ်နိုင်သေးပေ။

သူသည် အတိုင်းတိုင်း အပြည်ပြည်နှင့် နိုင်ငံအများအပြားကို ပိုင်ဆိုင်သည့် ဧကရာဇ်ဘုရင်ကြီး ဖြစ်လိုသည်ဟု ဆိုလေသည်။ တံငါသည်က ထိုမျှအလိုမကြီးသင့်ကြောင်း ဖျောင်းဖျပြောဆို၏။ ရောင့်ရဲတင်းတိမ်ခြင်း မရှိသော ဇနီးသည်ကမူ သူ၏စကားတို့ကို လုံးဝနားမဝင်တော့ချေ။ သူလိုသောဆုကို ငါးကြီးထံအမြန်သွားရောက် တောင်းယူပေးရန်သာ အပူတပြင်း ခိုင်းစေလေသည်။

ဤတွင် တံငါသည်က မသွားဝံ့တော့ကြောင်း ငြင်းဆန်သည်။ ထိုအခါ ဇနီးသည်က သူသည် ဘုရင်ဖြစ်နေပြီ။ သူ၏အမိန့်အတိုင်း ချက်ချင်းပြုလုပ်ရမည်ဟု အမိန့်ပေးလေသည်။ တံငါသည်လည်း သူ၏အမိန့်ကို မလွန်ဆန်ဝံ့သဖြင့် စိတ်မချမ်းမြေ့စွာနှင့်ပင် ထွက်ခွဲရပြန်သည်။ သူသည် ပင်လယ်ကမ်းခြေသို့ ရောက်သောအခါတွင်ကား လေတို့သည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိလေပြီ။ ပင်လယ်ပြင်သည် လှိုင်းတံပိုးများထကာ နိမ့်ချည်မြင့်ချည် ဖြစ်နေလေပြီ။ သင်္ဘောများသည်လည်း လှိုင်းလုံးများကြားတွင် လူးလိမ့်နေကြသည်။ ကောင်းကင်ပြင်တွင်ကား အပြာရောင်အနည်းငယ်မျှသာ ရှိတော့သည်။ တစ်မိုးလုံးနီရဲကာ ပြင်းထန်သော လေမုန်တိုင်းကျရောက်တော့မည့် အသွင်ကို ဆောင်နေသည်။ တံငါသည်မှာ ထိတ်လန့်တုန်လှုပ်လှသဖြင့် ဒူးများပင် တဆတ်ဆတ်တုန်နေလေသည်။ မည်သို့ပင်ဖြစ်စေ သူ၏ဇနီးသည် စေခိုင်းသည့် အတိုင်း သူသည် ငါးကြီးကိုခေါ်ကာ တောင်းဆိုရပြန်လေ၏။

သူအပြန်တွင် ဇနီးသည်အား ကြီးမားလှသော သရဖူကြီးဆောင်းလျက်ရှိသည်ကို တွေ့ရသည်။ ဇနီးထိုင်နေသည့် ရာဇဝေလွှင်ကြီးမှာလည်း မူလရာဇဝေလွှင်ထက် အဆပေါင်းများစွာ လှပတင့်တယ်ကြီးကျယ်နေလေတော့သည်။ နန်းတော်ဝန်းကျင်တွင်လည်း ရဲတိုက်များ ဝန်းရံတည်ရှိနေသည်ကိုတွေ့ရ၏။ အပြည်ပြည်မှ မင်းတို့ဆက်သလာသော လက်ဆောင်ပဏ္ဏာများမှာလည်း ကြည့်၍မဆုံးနိုင်အောင်ပင် များပြားလှပေသည်။

သူသည် ဇနီးသည်အပါးသို့ချဉ်းကပ်လျက်... "ရှင်မ၊ သင်သည် ဧကရာဇ်ဘုရင်ဖြစ်ပြီလော"ဟု မေးမြန်းသည်။ ဇနီးသည်ကလည်း... "ဖြစ်ပြီ" ဟု ဖြေ၏။ ထိုအခါ တံငါသည်က "ဤသို့ဆိုလျှင် သင့်အဖို့ကျေနပ်လောက်ပေပြီ၊ နောက်ထပ်၍ ဘာမျှမတောင်းတနှင့်တော့" ဟု သတိပေး၏။ ဇနီးသည်ကမူ စဉ်းစားရဦးမည်ဟုပင် ဆိုကာ အိပ်ရာသို့ဝင်လေ၏။

နံနက်လင်းသောအခါ နေမင်းသည် အရှေ့ဘက်မှ ထွက်ပြူ၍လာ၏။ ဇနီးသည်သည် အိပ်ရာမှ နိုးသည်နှင့်တစ်ပြိုင်နက် ပြတင်းမှ လှမ်းမြင်ရသော နေမင်းကို ကြည့်ကာ... "ငါသည် နေထွက်ခြင်းကို တားမြစ်နိုင်သော် ကောင်းလေစွ"ဟု တောင့်တမိပြန်၏။ ထို့ကြောင့် ခင်ပွန်းဖြစ်သူအား နှိုးပြီး ငါးကြီးထံ စေလွှတ်ပြန်လေသည်။ သူ့အတွက် နေနှင့် လတို့ကို စေခိုင်းနိုင်သည့် တန်ခိုးအာဏာကို ဖန်ဆင်းပေးဖို့ တောင်းဆိုရမည်ဟု သင်ကြားပေးလိုက်သည်။

ခင်ပွန်းသည်ကမူ မကြဲအပ်၊ မကြဲစည်ရာသည်ကို မကြဲပါနှင့်ဟု တားမြစ်သည်။ သို့ရာတွင် ဇနီးဖြစ်သူက နေနှင့် လတို့ သူ၏အခွင့်မရဘဲ ထွက်ပေါ်သည်ကို မည်သည့်နည်းနှင့်မျှ သူမရှုဆိတ်နိုင်။ ယခုချက်ချင်းပင်သွား၍ ငါးကြီးအား ပြောရမည်ဟု အမိန့်ပေးစေခိုင်းလေသည်။

တံငါသည်လည်း ကြောက်ရွံ့စွာပင် ထွက်ခွာလာခဲ့သည်။ ဤအကြိမ်တွင်ကား ကြောက်မက်ဖွယ်မုန်တိုင်းသည် စတင်တိုက်ခတ်လေတော့၏။ လေမှာ ပြင်းလွန်းသဖြင့် သစ်ပင်ကြီးများသာမက ကျောက်ဆောင်များပင် လှုပ်ရှားယိမ်းယိုင်နေသယောင် ထင်ရသည်။ ကောင်းကင်သည် နက်မှောင်နေ၏။ လျှပ်စီးတို့သည်လည်း ကြောက်မက်ဖွယ်ပြက်ကြ၊ လက်ကြသည်။ မိုးချုန်းသံနှင့် မိုးကြိုးပစ်သံတို့မှာ ဆူညံစွာ မြည်ဟည်းလျက်ရှိသည်။ ပင်လယ်ပြင်တွင် တောင်ငယ်ပမာဏမျှရှိသော လှိုင်းလုံးကြီးသည် ဖြူဖွေးသောအမြှုပ်များထကာ အရှိန်ပြင်းစွာ ထကြွလျက်ရှိပေသည်။

တံငါသည်သည် ကျယ်လောင်စွာ အော်ဟစ်ကာ ငါးကြီးကိုခေါ်လေသည်။ ငါးကြီးလည်း လှိုင်းများအကြားမှ ပေါ်လာကာ... "ဘာအလိုရှိပြန်သနည်း"ဟု မေးမြန်း၏။

"ကျွန်ုပ်၏ဇနီးသည်က နေနှင့် လတို့ကို လွှမ်းမိုးအုပ်ချုပ် မင်းလုပ်လိုလိုသည်ဟု ပြောပါသည်" ဟု တံငါသည်က ပြောကြားလေသည်။ ဤတွင် ငါးကြီးသည် အမျက်ထွက်စွာဖြင့်... "ဟယ်.. မရောင့်ရဲနိုင်သော သူမိုက်များ၊ သင်တို့သည် သင်တို့၏မူလကျင်းကြီးနှင့်သာ ထိုက်တန်ပေတော့သည်။ ယခုပြန်၍သွားလေလော့။ သင်တို့အား ကျွန်ုပ်ဖန်ဆင်းပေးထားသော အဆောင်အယောင်များ အားလုံး ပျောက်ကွယ်၍ သင်တို့၏ မူလအခြေအနေ အတိုင်းသာ တွေ့ရပေလိမ့်မည်"ဟု ဆိုကာ ငုပ်လျှိုးပျောက်ကွယ်သွားလေ၏။

တံငါသည်လည်း ဝမ်းနည်းစွာဖြင့် ပြန်လာရလေသည်။ ငါးကြီးပြောသည့် အတိုင်းပင် နန်းတော်နှင့်တကွ အဆောင်အယောင်အားလုံး မရှိတော့ပေ။ ဇနီးသည်မှာ ဟောင်းနွမ်းစုတ်ချာသည့် အဝတ်များကိုဝတ်လျက် ကျင်းကြီးထဲ၌ ငုတ်တုတ်ထိုင်နေသည်ကိုသာ တွေ့ရလေသည်။ ထိုနေ့မှစ၍ သူတို့သည် ထိုကျင်းကြီး၌သာ နေထိုင်ကြရလျက် အသက်ထက်ဆုံး တံငါအလုပ်ကိုပင် လုပ်ကိုင်ကြရလေသတည်း။ ။

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင် ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ကဗျာ

လကဆုန်

ကြိုင်လို့သာ လန်းတော့တယ်၊
မြိုင်တန်းရယ် ဘွေမဟီ။
ခိုင်ပန်းငယ် ဝေစီသည်၊
ပွင့်ရွှေဖီ မြတ်စကားငယ်တို့၊
ပျံ့ရှားကာ ဝတ်ရည်ရင့်ချိန်မို့၊
တင့်လှတယ်လေး။
မြတ်မုနိန်ငယ်၊ သည်ချိန်ခါတွင် ရှေ့ပလွင်၌၊
သဗ္ဗညုဉာဏ်၊ အောင်ပွဲခံခဲ့၊
တစ်ဖန်ထို့ပြင်၊ သုံးလူရှင်လည်း၊
လူ့ခွင်ဒေသ၊ ဗွားမြင်ရလို့၊
ထိုမှငယ်တဗုံ၊ ပြည်နိုဗ္ဗု လှုံတော့တယ်၊
ကဆုန်လ သည်အခါမှာ၊
စေတနာ သဒ္ဓါဇောရယ်က၊
စောလှတယ်လေး။ ။

ဌေတာရီ

ဆရာမ ဌေတာရီ၏ ဌေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

လူငယ်များသိသင့်သော စာဖတ်စွမ်းရည်

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

စာဖတ်ခြင်းဆိုသည်မှာ စာလုံးများ၊ သင်္ကေတများ စသည်တို့၏ အဓိပ္ပာယ်ရယူခြင်းဖြစ်ပြီး အထူးသဖြင့် စာဖတ်ခြင်းက သိမြင်နားလည်သော သဘောကို ပေးစွမ်းသည်။ ပညာတတ်များနှင့် သုတေသီများအတွက် စာဖတ်ခြင်းသည် စကားလုံး သုံးစွဲမှု၊ ထုံးဖွဲ့ရေးသားပုံ (စာလုံးပေါင်း)၊ အက္ခရာစဉ်များ၊ အသံထွက်များ၊ ဝေါဟာရ၊ ဖတ်ရန်နားလည်နိုင်စွမ်း၊ မြန်ဆန်သွက်လက်မှုနှင့် လှုံ့ဆော်မှု စသည့် နယ်ပယ်ပေါင်းစုံပါဝင်သော ဘက်စုံလုပ်ငန်းစဉ် တစ်ခု ဖြစ်သည်။

စာဖတ်ခြင်းသည် ယေဘုယျအားဖြင့် တစ်ဦးချင်း လုပ်ဆောင်မှုတစ်ခုဖြစ်ပြီး တစ်ခါတစ်ရံတွင် လူတစ်ဦးသည် အခြားနားထောင်သူများကို အသံကျယ်ကျယ်ဖြင့် ဖတ်ပြသည်လည်းရှိသည်။ ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန်အတွက် အသံထွက်ဖတ်ကြသည်လည်းရှိသည်။ အလယ်ခေတ်နှောင်းပိုင်းတွင် တိတ်တဆိတ်ဖတ်ရှုနိုင်မှု စွမ်းရည်သည် အလွန်မှတ်ဖွယ်ကောင်းသည်ဟု ယူဆခဲ့ကြသည်။

အပန်းဖြေလှုပ်ရှားမှုအနေဖြင့် ကလေးများ၊ ဆယ်ကျော်သက်လူငယ်များနှင့် လူကြီးများ စာဖတ်ခြင်းသည် ကြည်နူးစရာကောင်းပြီး စိတ်ဝင်စားဖွယ်ကောင်းလှသည်။ အမေရိကန်တွင် အရွယ်ရောက်ပြီး သူအားလုံး၏ ထက်ဝက်တန်းသည် တစ်နှစ်လျှင် စာအုပ်တစ်အုပ် (သို့မဟုတ်) ထို့ထက်ပိုသောစာအုပ်များကို အပျော်ဖတ်ကြသည်။ ငါးရာခိုင်နှုန်းခန့်သည် တစ်နှစ်လျှင် စာအုပ် ၅၀ ကျော် ဖတ်ကြသည်။ ကလေးများသည် ယေဘုယျအားဖြင့် ကမ္ဘာကြီး အကြောင်း ပိုမိုသိရှိနားလည်လာသောအခါတွင် စာဖတ်ခြင်းသည် အခြားအလုပ်များထက် အပျော်သဘောအဖြစ် ထင်မြင်လာသောအခါတွင် ပိုမိုကောင်းမွန်သောစာဖတ်သူများ ဖြစ်လာကြသည်။

စာဖတ်ခြင်းသည် စာတတ်မြောက်ခြင်း၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခု ဖြစ်သော်လည်း သမိုင်းရှုထောင့်မှကြည့်လျှင် စာတတ်မြောက်ခြင်းသည် အရေးနှင့် အဖတ်စွမ်းရည် နှစ်ခုစလုံး ရှိခြင်းကို ဆိုလိုသည်။ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ အချို့အဖွဲ့အစည်းများသည် သမားရိုးကျစာရေးစာဖတ်ခြင်းစွမ်းရည်ကို ကျော်လွန်သွားနိုင်သော နည်းလမ်းများစွာဖြင့် စာတတ်မြောက်ရေးကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ အောက်ပါတို့သည် ဥပမာအချို့ ဖြစ်သည်။

- "ဒစ်ဂျစ်တယ်တတ်မြောက်မှု အပါအဝင် မီဒီယာအားလုံး (ပုံနှိပ်ခြင်း သို့မဟုတ် အီလက်ထရောနစ်) တွင် ဖတ်ရှုရေးသားနိုင်မှုစွမ်းရည်"
- "ကွဲပြားခြားနားသော အကြောင်းအရာများနှင့် ဆက်စပ်သော၊ ပုံနှိပ်ထားပြီးသော၊ ရေးသားထားသောပစ္စည်းများကို အသုံးပြုခြင်း... နားလည်မှုစွမ်းရည်"
- "စာဖတ်ခြင်း၊ ရေးသားခြင်း၊ ပြောဆိုခြင်း၊ နားထောင်ခြင်းစွမ်းရည်"
- "လူ့အဖွဲ့အစည်းအတွင်း လုပ်ဆောင်ရန်၊ ရည်မှန်းချက်များပြည့်မီရန်၊ အသိပညာနှင့် အလားအလာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပုံနှိပ်ထားသော ရေးသားထားသော အချက်အလက်များကို အသုံးပြုနိုင်စွမ်း"

ၜင်းတွင် အရွယ်ရောက်ပြီးသူ တတ်မြောက်မှု အမျိုးအစား သုံးမျိုး ပါဝင်သည်။

- စကားပြေ (ဥပမာ-သတင်းစာဆောင်းပါး)
- စာရွက်စာတမ်းများ (ဥပမာ-ဘတ်စ်ကားအချိန်ဇယား)နှင့်
- အရေအတွက်ဆိုင်ရာတတ်မြောက်မှု (ဥပမာ-ထုတ်ကုန်ပစ္စည်းကြော်ငြာတွင် ဂဏန်းသင်္ချာ လုပ်ဆောင်ချက်များကို အသုံးပြုခြင်း

ပညာရပ်နယ်ပယ်တွင် အချို့သောသူများသည် စာတတ်မြောက်ခြင်းကို ဒဿနအမြင်ဖြင့် ရှုမြင်ကြပြီး "စာတတ်မြောက်ခြင်း" သဘောတရားကို အသုံးပြုကြသည်။

စာဖတ်ခြင်းသည် ဆယ်စုနှစ်များစွာကြာ သုတေသနပြုခြင်းနှင့် အစီရင်ခံခြင်းသာ အလုပ်ဖြစ်သည်။ အဖွဲ့အစည်းများစွာသည် ကလေးများနှင့်လူကြီးများအတွက် စာဖတ်ခြင်း အောင်မြင်မှုအပေါ် တိုင်းတာပြီး အစီရင်ခံစာ တင်ပြခဲ့ကြသည်။ ကျောင်းသားများ၏ ၉၅ ရာခိုင်နှုန်းသည် ပထမတန်းအဆုံးတွင် စာဖတ်ရန် သင်ကြားနိုင်သည်ဟု သုတေသီများက ကောက်ချက်ချခဲ့သော်လည်း နိုင်ငံအများအပြားတွင် နှစ်ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်ပိုသော ရာခိုင်နှုန်းသည် ထိုမျှော်လင့်ချက်ကို မပြည့်မီချေ။ နိုင်ငံတကာ စာဖတ်တတ်မြောက်ခြင်းလေ့လာမှု (PIRLS) သည် နိုင်ငံပေါင်း ၅၀ ရှိ စတုတ္ထတန်းကျောင်းသားများအတွက် စာဖတ်ခြင်းအောင်မြင်မှုကို ထုတ်ဝေထားသည်။ စာဖတ်နှုန်းအမြင့်ဆုံး နိုင်ငံ ငါးနိုင်ငံမှာ ရုရှားဖက်ဒရေးရှင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ အိုင်ယာလန်နှင့် ဖင်လန်နိုင်ငံတို့ ဖြစ်ကြသည်။ Program for International Student Accessment (PISA) အစီအစဉ်သည် အသက် ၁၅ နှစ်အရွယ် ကျောင်းသားကျောင်းသူများအား သင်္ချာ၊ သိပ္ပံပညာနှင့် စာဖတ်ခြင်းဆိုင်ရာ ပညာရည်ချွန်စွမ်းဆောင်ရည်ကို တိုင်းတာသည်။

အခြေခံအုတ်မြစ် ကျွမ်းကျင်မှုအားလုံးသည် အရေးကြီးသည်ဟု ဆိုကြသော်လည်း စာဖတ်ခြင်း၊ ဂဏန်းတွက်ခြင်း၊ အခြေခံဆင်ခြင်နိုင်စွမ်း၊ လူမှုစိတ်ခံစားမှုဆိုင်ရာကျွမ်းကျင်မှုများနှင့် အခြားအရာများ ပါဝင်သည်။ စာဖတ်စွမ်းရည်သည် သင်ယူမှု၏ အလွယ်တကူနားလည်နိုင်သော မက်ထရစ်တစ်ခု ဖြစ်ပြီး စာဖတ်ခြင်းသည် ကျောင်းသား၏ အခြားနယ်ပယ်အသီးသီးတွင် သင်ယူခြင်း၏တံခါးပေါက် ဖြစ်ပြီး စာဖတ်စွမ်းရည်သည် အခြားသောဘာသာရပ်များတွင် အခြေခံသင်ယူမှုများအတွက် ကိုယ်စားပြု အဖြစ် ဆောင်ရွက်နိုင်ပါသည်။ စာဖတ်ရန်သင်ယူခြင်း (သို့မဟုတ်) စာဖတ်ခြင်းကျွမ်းကျင်မှု ရယူခြင်းသည် ပုံနှိပ်စာလုံးများနောက်ကွယ်ရှိ အဓိပ္ပာယ်ကို နားလည်ရန် လိုအပ်သောကျွမ်းကျင်မှုရယူခြင်းနှင့် လေ့ကျင့်ခြင်း ဖြစ်သည်။ ကျွမ်းကျင်သောတစ်ဖက်သူအတွက် စာဖတ်ခြင်းသည် ရိုးရှင်းသော၊ အားစိုက်ထုတ်မှု မလိုသော အလိုအလျောက်ခံစားရမှုကို ရရှိစေသည်။ သို့သော်လည်း စာဖတ်ရန်သင်ယူခြင်း လုပ်ငန်းစဉ်သည် ရှုပ်ထွေးပြီး ငယ်ရွယ်စဉ်ကတည်းက ဖြစ်ပေါ်လာသော သိမြင်မှု၊ ဘာသာစကားနှင့် လူမှုဆက်ဆံရေးစွမ်းရည်များအပေါ်တွင် တည်ဆောက်ထားသည်။

Ref: Reading, Wikipedia



(ဆက်လက်ဖော်ပြပါမည်)

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၂ ရာခိုင်နှုန်းရှိ

ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ့မှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၆၂,၇၁၃) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၉၀၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၈၂၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံ့ပေးလျက်ရှိရာ (၃၀-၄-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၀,၆၃၇,၅၂၂) ဦးအား ထိုးနှံ့ပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံ့ပြီးစီးသူ (၇,၁၆၁,၃၇၆) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ့ပြီးစီးသူ (၂၃,၄၇၆,၁၄၆) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ့ပြီးစီးသူ (၁,၄၅၂,၈၀၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၃၀-၄-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၅၅,၅၆၆,၄၇၄) ကြိမ် ထိုးနှံ့ပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံ့မှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံ့ထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ့ကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံ့ပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ့ပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံ့ပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံ့မှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၃၈၄) ခု	(၅) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၇၇) ခု	-
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂၁၅) ခု	(၁) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၈) ခု	-
ပဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၂,၁၁၅) ခု	(၇) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၉၄၈) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၄,၀၂၇) ခု	(၄) ဦး
စုစုပေါင်း	**(၇,၇၇၄) ခု**	**(၁၇) ဦး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ့မှုအခြေအနေ (၃၀-၄-၂၀၂၂)ရက်နေ့

ကာကွယ်ဆေးထိုးနှံ့မှု	အရေအတွက်
ပထမအကြိမ်ထိုးနှံ့ပြီးလူဦးရေ	(၇,၁၆၁,၃၇၆) ဦး
ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ့ပြီးလူဦးရေ	(၂၃,၄၇၆,၁၄၆) ဦး
ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံ့ပြီးလူဦးရေ	(၁,၄၅၂,၈၀၆) ဦး
ပထမအကြိမ်ထိုးနှံ့ပြီးလူဦးရေနှင့် အကြိမ်ပြည့်ထိုးနှံ့ပြီးလူဦးရေ	(၃၀,၆၃၇,၅၂၂) ဦး
စုစုပေါင်း ထိုးနှံ့ပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)	(၅၅,၅၆၆,၄၇၄) ကြိမ်

ကမ္ဘာနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၈၃၀၆၆၉၀၇	၈၀၆၈၄၄၉၉	၁၀၂၀၈၃၃
၂။	အိန္ဒိယ	၄၃၀၇၉၁၈၈	၄၂၅၃၆၂၅	၅၂၃၈၄
၃။	ဘရာဇီး	၃၀၄၄၈၂၆	၂၉၅၁၉၂၀၄	၆၆၃၅၅
၄။	ပြင်သစ်	၂၈၆၄၅၂၈	၂၆၈၀၁၄၄	၁၄၅၉၃၀
၅။	ဂျာမနီ	၂၄၇၆၁၆၀	၂၂၃၅၆၀	၁၃၅၉၀
၆။	ဗြိတိန်	၂၂၀၃၈၃၄	၂၁၂၀၀၄	၁၇၄၉၁
၇။	ရုရှား	၁၈	၁၇	၃၇
၈။	တောင်ကိုရီးယား	၁၇	၈	၂
၉။	အီတလီ	၁၆	၁	၁
၁၀။	တူရကီ	၁	၁	၁

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁၀၆၅၃၅၂	၉၂၆၄၃	၄၃၀၄
၂။	အင်ဒိုနီးရှား	၆၀၄၇၀၄၀	၅	၁
၃။	မလေးရှား	၄၄၄	၄	၂
၄။	ထိုင်း	၄	၄	၂
၅။	ဖိလစ်ပိုင်	၂	၂	၆
၆။	စင်ကာပူ	၁	၁	၁
၇။	မြန်မာ	၆	၅	၁
၈။	လာအို	၂	၂	၇
၉။	ဘရူနိုင်း	၁	၁	၂
၁၀။	ကမ္ဘောဒီးယား	၁	၁	၂

ကြားမှုသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနုံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၉-၄-၂၀၂၂ ရက်နေ့မှအဆက်

ယင်းစကားများသည် ရင်ထဲမှာ မြည်ဟည်းနေသည်။ သို့နှင့်အမျှ မအေးမြကိုကြည့်နေသော တင်တင်ရီ၏အကြည့်မှာ စူးစူးဝါးဝါးနှင့် စိမ်းစိမ်းကားကားနိုင်လှသည်။

သည်အကြည့်တွက် မအေးမြ မနေတတ်မထိုင်တတ် ဖြစ်ရပုံပေါ်သည်။ နောက်သို့ လှည့်ကြည့်လာသည်။

“ငါ့ကို ဒီလို ကြည့်မနေစမ်းပါနဲ့ တင်တင်ရီ”

သို့တိုင်အောင် တင်တင်ရီ၏အကြည့်မှာ ပြောင်းလွဲမသွား။

“လက်ကောက်ပေါင်တာ ငွေဘယ်လောက်ရသလဲ”

မအေးမြ၏အမေး။

“တစ်ရာ”

တင်တင်ရီပြတ်ပြတ်တောက်တောက် ဖြေသည်။ မအေးမြသည် တင်တင်ရီ လက်ထဲမှာ ရှိနေသော ငွေကို ဆွဲယူကာ ရေတွက်သည် ။

“နှစ်ဆယ် လျော့နေပါလား”

“ဖေဖေယူသွားပြီ”

မအေးမြသည် ငွေစက္ကူများကို မှန်တင်ခုံပေါ်သို့ ဝုန်းခနဲ ပစ်ချသည်။

“သူများသုံးတာကျတော့ တွန့်တိုတယ်။ သူသောက်ဖို့ကျတော့ မနှမြောတတ်ဘူး။ ဒီငွေရှစ်ဆယ်နဲ့ ဘာသွားသုံးလောက်မှာလဲဟင်။ သူ့မယား ပစ္စည်းကျတော့ သိတတ်လိုက်တာ။ မရွေးနိုင်တာတောင် မရောင်းရက်ဘူး၊ သူ့ကိုယ်သူ သိန်းထီပေါက်မယ်လို့များ ထင်နေသလား မသိဘူး။ ဒီတော့မှ ပြန်ရွေးမယ်ဆိုတဲ့အကြံပေါ့လေ”

စင်စစ် ပစ္စည်းတစ်ခုခု ပေါင်နှံ၍ ပြန်လာပြီဆိုလေတိုင်း မအေးမြထံမှ ယင်းစကားမျိုး ကြားရလေ့ရှိသည်။ ယခင်ကဆိုလျှင် သည်စကားမျိုးမှာ အဆန်းတကြယ်မဟုတ်ခဲ့။ ယခုမူ တင်တင်ရီအဖို့ သည်စကားများမှာ ဆန်းကြယ်နေသည်။ တင်တင်ရီ ဆိုမိသည်။

“သူ့မယားပစ္စည်းဆိုတော့ ဖေဖေ့အတွက် အဲဒီပစ္စည်းတွေ ထားရစ်ခဲ့တဲ့ တခြားမိန်းမတစ်ယောက်ရှိခဲ့လို့လားဟင်”

“ဘာရယ်”

သူ၏စကားကို မအေးမြ နားမလည်ဟန်ဖြင့် မေးသည်။ တင်တင်ရီ ပြော၍ မထွက်တော့။

မအေးမြသည် တင်တင်ရီ၏လက်ကို ဖမ်းဆုပ်လိုက်သည်။

“ခုနက ဘာပြောတယ်။ ဘာပြောလိုက်တယ်”

သည်အမေးကို တင်တင်ရီမဖြေ။

“မေမေ့လက်သည်းတွေက ကျွန်တော့်လက်ကို စူးနေတယ်”

သည်စကားကိုသာ ပြောဖြစ်သည်။

မအေးမြသည် ပို၍ နာကျင်စေလိုဟန်ဖြင့် တင်းကျပ်သည်ထက် တင်းကျပ်အောင် ဆုပ်ကိုင်လိုက်သည်။ တင်တင်ရီသည် သူ၏လက်ကို မရုန်း။ နာကျင်မိသည်ကား အမှန်။ သို့ရာတွင် ဝေဒနာကို ကြိတ်မှိတ် သည်းခံသည်။

“မေမေ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက် မုန်းနေရတာလဲဟင်”

မအေးမြ၏အကြည့်သည် တင်တင်ရီ၏ အကြည့်နှင့် ဆုံမိသည်။ တင်တင်ရီ၏ မျက်ဝန်းများမှာ နာကြည်းဟန် ပေါ်နေသော်လည်း စူးရှတောက်ပြောင်ကာ အေးစက် မာကျောနေသော်လည်း မျက်ရည်ရစ်ဝဲလျက်ရှိသည်။

“ပြောစမ်းပါ။ ကျွန်တော့်ကို မေမေ ဘာဖြစ်လို့ ဒီလောက်တောင် မုန်းနေတာလဲ။ ကျွန်တော်နဲ့ မေမေ ဘာမှမတော်လို့ မဟုတ်လားဟင်”

မအေးမြသည် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ တင်တင်ရီ၏လက်ကို လွှတ်ပေးလိုက်သည်။ တင်တင်ရီ၏ လက်ကောက်ဝတ်မှာ ဆုပ်ကိုင်ထားသောဒဏ်ကြောင့် ရဲနေသည်။ လက်သည်းရာထင်ကာ သွေးစို့နေသည်။

“သွားစမ်း၊ သွားစမ်း၊ ငါ့မျက်စိအောက်မှာ ညည်းရှိနေရင် ငါအသက်တိုလိမ့်မယ်”

တင်တင်ရီမလှုပ်။

“မသွားသေးဘူးလားဟင်”

မအေးမြသည် ပေါင်ဒါဘူးကို ကောက်ယူကာ တင်တင်ရီထံ ပစ်ပေါက်လိုက်သည်။ နဖူးကိုမှန်သည်။ အဖုံးပွင့်ကာ တစ်ကိုယ်လုံး ပေါင်ဒါမှုန့်များ ပေကျံကုန်သည်။ သို့တိုင်အောင် တင်တင်ရီရပ်နေမိဆဲ။

“ငါ့ကို သေတဲ့အထိ ဒုက္ခပေးနေမယ့် စနေဂြိုဟ်မ။ ငါသေအောင် လုပ်နေတာလားဟင်။ ငါသေအောင်လုပ်နေတာလား”

မအေးမြသည် ပြောရင်းမှ ဒေါသဖြင့် ပြွမ်းတည်းသော နာကြည်းမှုမျိုးဖြင့် မှန်တင်ခုံတွင် မျက်နှာအပ်ကာ ငိုချလိုက်သည်။ တသိမ့်သိမ့်ရှိုက်နေသည်။

သည်တော့မှပင် တင်တင်ရီသည် မအေးမြအပါးမှ ထွက်ခွာလာခဲ့မိလေသည်။

x x x x x

သည်ကနေ့ ဖေဖေ ကတိတည်သည်။ အလွန်အကျွံ သောက်မလာခဲ့။ မျက်နှာတွင် ပန်းဆီရောင်ပြေးရုံ၊ စကားပြောကောင်းရုံလောက်သာ သောက်ခဲ့ဟန်တူသည်။

ထမင်းဟင်း ချက်ပြုတ်ပြီးသည်နှင့် တစ်ပြိုင်နက် တင်တင်ရီအိမ်မှ ထွက်သည်။ ဖေဖေအလာကို လမ်းထိပ်မှ ကြိုသည်။ ဖေဖေပြန်လာလေလျှင် သားအဖ နှစ်ယောက် မြစ်ဆိပ်ဘက်သို့ လျှောက်ခဲ့ကြသည်။

အချိန်မှာ ညနေချိန်ဖြစ်သည်။ နေဝင်ရီတရော ဖြစ်သည်။

အစသော် နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်လာခဲ့ကြသည်။ တစ်ယောက်ကစနိုးဖြင့် စကားမပြောဖြစ်နိုင်သေး။ ဖေဖေသည် ယင်းအချိန်တွင် မကြာခဏ သက်ပြင်းရှိုက်လျက်ရှိလေသည်။ ဤသည်ကိုထောက်၍ ဖေဖေ့အနေနှင့် စကားစရန် အဘယ်မျှခက်ခဲနေကြောင်း တင်တင်ရီ သိသည်။

သို့ဖြင့် သူကပင် စကားစရသည်။

“ကျွန်တော်ဟာ မအေးမြရဲ့ သမီးမဟုတ်ဘူးဆိုတာ အမှန်ပဲလား ဖေဖေ”

တင်တင်ရီ၏စကားကြောင့် ဖေဖေ တုန်လှုပ်သွားရသည်။

“ဒါကို သမီး ဘယ်က သိသလဲဟင်။ သြော်၊ ဒေါ်သူဇာတို့က ပြောခဲ့ပြီထင်တယ်”

“သူတို့ပြောတာ တစ်ခုတည်းနဲ့ မဟုတ်ပါဘူးဖေဖေ။ သူကျွန်တော့်အပေါ် ဘယ်လောက် ရက်စက်သလဲဆိုတာ ဖေဖေအသိပါ။ အိမ်အလုပ်တွေမှန်သမျှ အစေခံတစ်ယောက်လို သိမ်းလုပ်နေရတာ ကျွန်တော်ပါ။ သူ့ထဘီရေလဲခံကအစ လျှော်ပေးနေရတာ မဟုတ်လား။ ဒါတောင် တစ်ချက်မှ မျက်နှာသာမပေးခဲ့ဘူး မဟုတ်လား။ နောက်တစ်ခုကလည်း ကလေးတွေကို ကျွန်တော် ဘယ်လောက် ချစ်သလဲ။ ကိုယ်တိုင်ထမင်းဝါးခွံ့တဲ့အထိ လုပ်ပေးနေတာပဲ မဟုတ်လား။ ဒါပေမဲ့ တစ်ခါတလေ ဆုံးမတဲ့အနေနဲ့ ရိုက်တာကို “ညည်းက ဂေါ်တမီမို့လား” ဘာညာနဲ့ ရက်ရက်စက်စက် အပြောခံခဲ့ရတယ် ဖေဖေ”

တင်တင်ရီသည် ဖေဖေ့ရှေ့တွင် တစ်ကြိမ်တစ်ခါမျှ မပြောခဲ့ဖူးသော စကားတို့ကို ပြောမိသည်။

“ဒါတွေကို ဖေဖေသိပါတယ် သမီးရယ်။ ဖေဖေ မြင်ပါတယ်”

“ဒါတွေကြောင့် သူဟာ ကျွန်တော့်အမေ အရင်း မဟုတ်ဘူးလို့ ထင်နေတာ ကြာခဲ့ပါပြီဖေဖေ”

ဖေဖေသည် အဝေးသို့ လှမ်းကြည့်နေသည်။ မျက်ဝန်းများမှာ ရီဝေနေသည်။ သက်ပြင်းရှိုက်ခြင်းနှင့်အတူ ဆိုသည်။

“မအေးမြဟာ သမီးရဲ့ အမေအရင်း မဟုတ်တာ အမှန်ပါပဲသမီး။ နောက်တစ်ခုက သူဟာ သမီးရဲ့ အမေအရင်း မဟုတ်သလို ဖေဖေဟာလည်း သမီးရဲ့ အဖေအရင်း မဟုတ်ခဲ့ပါဘူးကွယ်”

“ဗျာ”

တင်တင်ရီ၏ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ အာမေဋ္ဌိတ်သံသည် ဆီးတားမရဘဲ နှုတ်မှထွက်ပေါ်သွားသည်။

“ဘယ်လိုပြောလိုက်တာလဲ ဖေဖေ။ ဘယ်လိုပြောလိုက်တာလဲ”

“သမီးအမှန်ကို သိချင်တယ် မဟုတ်လား။ ဒါကြောင့် အခုဖေဖေအမှန်ကို ပြောလိုက်တာလေ။ အမှန်တကဲ့ အမှန်ဆုံးကို ပြောလိုက်တာလေ”

ဖေဖေ၏ အသံမှာ လှိုက်လှဲလာသည်။

တင်တင်ရီသည် ဖေဖေ့မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်သည်။

ဖေဖေက စကားဆက်သည်။

“တကယ်လို့ သမီးသာ အသက် ခုနစ်နှစ် အရွယ်လောက်က လေ့ကားပေါ်ကလိမ့်မကျခဲ့ဘူးဆိုရင်၊ အတိတ်မေ့ရောဂါ မဖြစ်ခဲ့ဘူးဆိုရင် အဲ့ဒီအရွယ် မတိုင်မီက ဖေဖေတို့တစ်တွေ ပျော်ပျော်ရွှင်ရွှင်နေခဲ့တာကို သတိရမှာပါ။ သမီးရဲ့ မေမေဟာ ဘယ်လိုမိန်းမတစ်ယောက်လဲဆိုတာ သိမှာပါ။ အခုတော့ သမီးရယ် သမီးကိုယ်တိုင်က ဒါတွေ အမှတ်မရနိုင်တာက ခက်နေတာပါ”

တင်တင်ရီ ကျိတ်၍ရှိုက်သည်။

“သမီးဟာ ဖေဖေ့သမီးအရင်း မဟုတ်တဲ့တိုင် သမီးကို ဖေဖေ သမီးအရင်းနဲ့ မခြား ချစ်ခဲ့ပါတယ်ကွယ်”

“ဒါကို ယုံပါတယ်ဖေဖေ။ ဒါကို ယုံလို့လည်း ကျွန်တော်ဟာ ဖေဖေ့သမီးအရင်း မဟုတ်ဘူးဆိုတာကို အံ့သြနေရတာပါ”

“ဒီအကြောင်းတွေကို ပြန်မပြောပါဘူးလို့ သမီးရဲ့မေမေကို ကတိပေးခဲ့ရတယ်။ သမီးကသာ စမလာရင်လည်း တစ်သက်လုံး မျိုသိပ်ထားဖို့ပါပဲ။ ဒါပေမဲ့ သမီးကိုယ်တိုင်က စလာတယ်။ သမီးကလည်း အရွယ်ရောက်လာပြီး စဉ်းစားချင့်ချိန်နိုင်ပြီး၊ နောက်ပြီး အခြေအနေတွေကလည်း ထင်မှတ်ခဲ့သလို မဟုတ်တော့ဘူးလေ။ ဒါကြောင့် ဒီအကြောင်းကို ဖွင့်ပြောရတာပါ။

“မိုးသည်းသည်းထန်ထန်ရွာနေတဲ့ တစ်ညမှာ သမီးရဲ့ မေမေဟာ ဖေဖေ့အိမ်ကို ရောက်လာတယ်။ သမီးတို့ရောက်လာတဲ့ ညကို ဖေဖေမမေ့သေးဘူး။ အမှတ်ရနေဆဲပါပဲကွယ်။ အဲဒီည သန်းခေါင်ကျော်လောက်မှာ အိမ်အောက်ထပ်က တံခါးခေါက်သံကြားရတယ်။ ကလေးငိုသံလည်း ကြားရတယ်။ ဒါနဲ့ ဖေဖေအိပ်ရာကနိုးလာပြီး အောက်ထပ်ကိုဆင်းခဲ့တယ်။ ဒီမှာတင် တစ်ကိုယ်လုံး မိုးရေရွှဲနေတဲ့ သမီးတို့သားအမိကိုတွေ့ရတယ်။ သမီးရဲ့ မေမေဟာ မိုးရေမိပြီး ခိုက်ခိုက်တုန်အောင် ချမ်းနေတယ်။ အိမ်ပေါ်ရောက်တယ်ဆိုရင်ပဲ သူဟာ သတိမေ့မြော...”

“မိုးသည်းသည်းထန်ထန် ရွာနေတဲ့တစ်ညမှာ သမီးရဲ့ မေမေဟာ ဖေဖေ့အိမ်ကို ရောက်လာတယ်။ သမီးတို့ရောက်လာတဲ့ညကို ဖေဖေမမေ့သေးဘူး။ အမှတ်ရနေဆဲပါပဲကွယ်။ အဲဒီည သန်းခေါင်ကျော်လောက်မှာ အိမ်အောက်ထပ်က တံခါးခေါက်သံကြားရတယ်။ ကလေးငိုသံလည်း ကြားရတယ်။ ဒါနဲ့ ဖေဖေအိပ်ရာကနိုးလာပြီး အောက်ထပ်ကိုဆင်းခဲ့တယ်။ ဒီမှာတင် တစ်ကိုယ်လုံး မိုးရေရွှဲနေတဲ့ သမီးတို့သားအမိကိုတွေ့ရတယ်။ သမီးရဲ့ မေမေဟာ မိုးရေမိပြီး ခိုက်ခိုက်တုန်အောင် ချမ်းနေတယ်။ အိမ်ပေါ်ရောက်တယ်ဆိုရင်ပဲ သူဟာ သတိမေ့မြော...”

ဆရာမောင်သိန်းဆိုင်၏ “ရေနုံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ကိုရီးယားနိုင်ငံ၏ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်အကဲဖြတ်ခြင်းစနစ်

လင်းလက်

လေ့လာအတုယူ

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအတွေ့အကြုံများကို လေ့လာအတုယူ၍ မိမိနိုင်ငံနှင့်သင့်တော်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ အာရှဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အောင်မြင်နေသည့်နိုင်ငံများ အနက် ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများမှ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်ခြင်းစနစ်ကို အကျဉ်းမျှ လေ့လာတင်ပြလိုပါသည်။

သမိုင်းကြောင်း

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင် (Anti-Corruption and Civil Rights Commission – ACRC) သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများအနေဖြင့် ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ၊ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုဆန်းစစ်ခြင်းလုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ အရာရှိများအတွက် ကျင့်ဝတ်လိုက်နာစေရေး ဆောင်ရွက်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့်စပ်လျဉ်း၍ တိုင်ကြားစာများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ ကျင့်ဝတ်ဖောက်ဖျက်မှုများကို အရေးယူခြင်းနှင့် အများပြည်သူအကျိုးစီးပွားအတွက် သတင်းပေးဖော်ထုတ်တိုင်ကြားသူများအား အကာအကွယ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု လေ့လာသိရှိရပါသည်။

ဖြောင့်မတ်တည်ကြည်မှုဆန်းစစ်ခြင်း

ACRC သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တစ်ခုအနေဖြင့် ၂၀၀၂ ခုနှစ်မှစ၍ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်ခြင်းလုပ်ငန်းများကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် စတင်မိတ်ဆက်ဆောင်ရွက်ခဲ့ပါသည် –

(က) ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် လိုအပ်သော ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းနိုင်ရေးအတွက် အခြေခံအချက်အလက်များရရှိနိုင်ရန်၊

(ခ) အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ပေးနေသည့် ဌာနခွဲများ၏ ဖြောင့်မတ်တည်ကြည်မှု အဆင့်ကို စိစစ်သုံးသပ်ခြင်းအားဖြင့် အဖွဲ့အစည်းအတွင်းရှိ တစ်ဦးချင်းစီ၏ ဖြောင့်မတ်တည်ကြည်မှု အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရေး ဦးစားပေးနယ်ပယ်နှင့် လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရန်၊

(ဂ) ရလဒ်များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာမှုမှတစ်ဆင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းတစ်ခု ချင်းစီအနေဖြင့် မိမိ၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လာစေမည့် ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပုံဖော်နိုင်ရန်၊

(ဃ) ရလဒ်များကို အများပြည်သူသို့ ထုတ်ပြန်ကြေညာမှုမှတစ်ဆင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း သာမက လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး အစီအစဉ်များ ဖန်တီးပုံဖော်နိုင်ရန်။

> **ACRC ၏ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှုကို ဆန်းစစ်လေ့လာခြင်းအစီအစဉ်ကို နိုင်ငံတကာအဖွဲ့အစည်းများက အသိအမှတ်ပြုခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ကုလသမဂ္ဂ၏ အများပြည်သူဆိုင်ရာ ကဏ္ဍအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းဆိုင်ရာ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုဆုကို ရရှိခဲ့**

အခြေခံတွက်ချက်သည့်အညွှန်းကိန်းများ

အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုကို ဆန်းစစ်အကဲဖြတ်နိုင်ရေး စစ်တမ်းကောက်ယူရာတွင် အောက်ဖော်ပြပါ အညွှန်းကိန်းလေးခုကို အဓိကအခြေခံ ကောက်ယူတွက်ချက်သည်ဟု လေ့လာတွေ့ရှိရပါသည် –

(က) External Integrity – ဝန်ဆောင်မှုပေးသည့် တာဝန်ရှိသူများအပေါ် ၎င်းတို့တာဝန်ထမ်းဆောင်မှုများတွင် အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် အပြုအမူများ ရှိ/မရှိနှင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိ/မရှိ တို့အပေါ် ဝန်ဆောင်မှုရယူသည့် ပြည်သူလူထု၏ သဘောထားအမြင်များကို အခြေခံကာ အကဲဖြတ်အမှတ်ပေးခြင်း။

(ခ) Internal Integrity – သက်ဆိုင်ရာဌာန/အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများက ၎င်းတို့ ဌာန/အဖွဲ့အစည်းအပေါ် ၎င်းတို့ကိုယ်တိုင် သုံးသပ်အကဲဖြတ်မှုအပေါ် အခြေခံကာ အကဲဖြတ်အမှတ်ပေးခြင်း။

(ဂ) Policy Customer Evaluation – ကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ဒေသခံများ စသည့်မူဝါဒပိုင်းဆိုင်ရာ လုပ်ငန်းဆက်စပ်သူများ၏ အဖွဲ့အစည်း၏ မူဝါဒချမှတ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သဘောထားအမြင်များကို အခြေခံကာ အကဲဖြတ်အမှတ်ပေးခြင်း။

(ဃ) Occurrences of Corruption – အမှန်တကယ် ဖြစ်ပွားခဲ့သည့် အဂတိလိုက်စားမှုများကို အခြေခံတွက်ချက်ကာ အကဲဖြတ်အမှတ်ပေးခြင်း။

စစ်တမ်းကောက်ယူခြင်း

စစ်တမ်းကောက်ယူနိုင်ရေး ဦးတည်အုပ်စု ရွေးချယ်သတ်မှတ်ရာတွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ အရွယ်အစားနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မူတည်ကာ စစ်တမ်းကောက်ယူရမည့် ဦးတည်အုပ်စု ရွေးချယ်သတ်မှတ်ခြင်းဆောင်ရွက်သည်ကို လေ့လာသိရှိရပါသည်။ ဦးတည်အုပ်စုသတ်မှတ်ပြီးပါက External Integrity အညွှန်းကိန်းအတွက် စစ်တမ်းကောက်ယူမည့် ဌာန/အဖွဲ့အစည်းတစ်ခုစီအတွက် နမူနာမေးခွန်းလွှာ ၅၀ ကောက်ယူပါသည်။ Internal Integrity အညွှန်းကိန်းအတွက် နမူနာအရွယ်အစားကိုမူ စစ်တမ်းကောက်ယူမည့် ဌာန/အဖွဲ့အစည်း၏ အရွယ်အစားနှင့် ဝန်ထမ်းအရေအတွက်တို့အပေါ် အခြေခံကာ တွက်ချက်သတ်မှတ်ပါသည်။ Policy Customer Evaluation အညွှန်းကိန်းအတွက်မူ စစ်တမ်းကောက်ယူမည့် ဌာန/အဖွဲ့အစည်းနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်လျက်ရှိသည့် အဖွဲ့အစည်းများ၏ အချက်အလက်များအပေါ် အခြေခံ တွက်ချက်သတ်မှတ်ပါသည်။

၂၀၂၁ ခုနှစ်အတွက် ရလဒ်များထုတ်ပြန်ခြင်း

၂၀၂၁ ခုနှစ်အတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း ဗဟိုအုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်း ၄၇ ခု၊ ပြည်နယ်အစိုးရအဖွဲ့ ၂၄၃ ဖွဲ့၊ ပညာရေးဌာန ၉၀ နှင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသည့် ဌာန/ အဖွဲ့အစည်း ၂၁၂ ခု စုစုပေါင်း အများပြည်သူဆိုင်ရာ အဖွဲ့အစည်း ၅၅၂ ခုသို့ စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ပြီး ရလဒ်များကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်၌ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှုဆန်းစစ်အကဲဖြတ်ခြင်းရလဒ်များကို လေ့လာကြည့်ပါက အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည် –

ရမှတ်သတ်မှတ်ချက်အနေဖြင့် “၀” (သုည) သည် ဖြောင့်မတ်တည်ကြည်မှု လုံးဝမရှိသည့် အခြေအနေကို ကိုယ်စားပြုပြီး “၁၀” သည် ဖြောင့်မတ်တည်ကြည်မှု အမြင့်ဆုံးအခြေအနေကို ကိုယ်စားပြုပါသည်။ ACRC အနေဖြင့် ဆန်းစစ်ချက်ရလဒ်များကို နှစ်စဉ် ဒီဇင်ဘာလခန့်တွင် ထုတ်ပြန်လေ့ရှိပြီး အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု အခြေအနေများကို လျှော့ချနိုင်ရေးနည်းလမ်းများကို အကြံဉာဏ်ပေးခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းသဘောသဘာဝနှင့် အကိုက်ညီဆုံးဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒများချမှတ်နိုင်ရေးအတွက် လိုအပ်သော အကြံပြုချက်များကို ကူညီပံ့ပိုးပေးလျက်ရှိသည်ဟု သိရပါသည်။ ACRC ၏ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှုကို ဆန်းစစ်လေ့လာခြင်းအစီအစဉ်ကို နိုင်ငံတကာအဖွဲ့အစည်းများက အသိအမှတ်ပြုခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ကုလသမဂ္ဂ၏ အများပြည်သူဆိုင်ရာ ကဏ္ဍအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းဆိုင်ရာ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုဆုကို ရရှိခဲ့ပါသည်။ ထို့အပြင် ဂျာမနီနိုင်ငံအခြေစိုက် European Research Centre for Anti-Corruption and State Building မှ ၁၃-၁-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်သည့် Index of Public Integrity (IPI) အညွှန်းကိန်းတွင် ရမှတ် ၈ ဒသမ ၀၉ ဖြင့် နိုင်ငံပေါင်း ၁၁၄ နိုင်ငံ၌ အဆင့် ၁၈ နေရာတွင် ရပ်တည်နေပြီး အာရှဒေသတွင်း ၁၆ နိုင်ငံ၌ အဆင့် ၁ နေရာတွင် ရပ်တည်နေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ရာ ကိုရီးယားနိုင်ငံရှိ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှု မြင့်မားသကဲ့သို့ အစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများမှာလည်း ထိရောက်အောင်မြင်နေသည်ဟု လေ့လာသိရှိရပါသည်။

တစ်ဖက်တွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်ကာလအတွင်း သမ္မတဟောင်း ငါးဦးကို အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း သမ္မတတာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ၏ ပထမဦးဆုံးအမျိုးသမီး သမ္မတဖြစ်ခဲ့သူ ပတ်ဂွန်ဟီးကို တောင်ကိုရီးယားနိုင်ငံ တရားလွှတ်တော်ချုပ်က

စာမျက်နှာ ၂၅ သို့



တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မေ ၁

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေး

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၉၃၂၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒေသခံပြည်သူ ၈၀၇၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၆၈၇၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ခန္ဓီးခရိုင်၌ ဆောင်းသီးနှံဧက ၆၄၀၀၀ ကျော် စိုက်ပျိုး ဧက ၄၇၀၀၀ ကျော် ရိတ်သိမ်းပြီး

ခန္ဓီး မေ ၁

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင်၌ ဆောင်းသီးနှံဧက ၆၀၀၀၀ ကျော် စိုက်ပျိုးခဲ့ရာဧက ၄၇၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း ခန္ဓီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ စီမံကိန်းတာဝန်ခံ ဦးကျော်မြင့်ဦးထံမှ သိရသည်။

"ဆောင်းသီးနှံ ၆၄၁၇၆ ဧက စိုက်ခဲ့ပြီး ရိတ်သိမ်းတာ ဧက ၄၇၇၀၀ ကျော် ရိတ်သိမ်းပြီးပါပြီ။ နွေစပါး၊ ဂျုံ၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း၊ စားဖိုဆောင်သီးနှံ ငရုတ်ချို၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ဟင်းသီးဟင်းရွက်စသဖြင့် ၂၃ မျိုးစိုက်ခဲ့ပါတယ်"ဟု ဦးကျော်မြင့်ဦးကပြောသည်။

"ခန္ဓီးခရိုင်မှာ ၂၀၂၁-၂၀၂၂ ခုနှစ်မှာ ဧက ၄၇၀ စိုက်ခဲ့တယ်။ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ ဧက ၇၀ တိုးချဲ့စိုက်ပျိုးမှာဆိုတော့ ဧက ၅၄၀ တိုးတက်စိုက်ပျိုးဖို့ လျာထားထားပါတယ်။ နေကြာက ဆီထွက်ကောင်းပြီး ဆီသန့်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံး ပိုမိုတိုးချဲ့စိုက်ပျိုးမှာဖြစ်ပါတယ်။ ဟုမ္မလင်းမြို့နယ်မှာ နေကြာစိုက်တာများမယ်။ ခန္ဓီးမြို့နယ်နဲ့မိုပိုင်းလွတ်မြို့နယ်တွေကတော့ နည်းမယ်။ အထွက်ကောင်းနေကြာ မျိုးသန့်စပ်မျိုးနေကြာ(၁) ရရှိဖို့ ဆောင်ရွက်နေပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဈေးမှာ ကြီးမြင့်နေသည့်အတွက် တောင်သူများ သီးနှံအထွက်နှုန်းမထိခိုက်ရန်နှင့် ဝင်ငွေထိန်းနိုင်ရန် သစ်စိမ်းမြေသြဇာ ထုတ်လုပ်ခြင်း၊ သဘာဝမြေသြဇာ ထုတ်လုပ်ခြင်း၊ EM ဘိုကာရှိ မြေဆွေးပြုလုပ်ခြင်း၊ သဘာဝ ပိုးနှင်ဆေး ကွင်းသရုပ်ပြခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူလေး

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၁

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့နားမွန်းလုံကျေးရွာရှိ ဒဏ္ဍီဏာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အုတ်ပုံဆိပ်ရပ်ကွက်ရှိ သာသနာ့ပါလကျောင်းတိုက်၊ မော်ဘီမြို့နယ် မင်းရွာကျေးရွာရှိ တောင်သုံးလုံးမဟာဂန္ဓာရုံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ စိတ္တသုခကျောင်းတိုက်၊ ပုသိမ်မြို့ရှိ မဟာရန်ကင်းတောင်ကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✪ စာမျက်နှာ ၂၄ မှ

အဂတိလိုက်စားမှုများနှင့် လုပ်ပိုင်ခွင့်အလွဲသုံးစားပြုမှုများအတွက် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ထောင်ဒဏ် အနှစ် ၂၀ နှင့် ငွေဒဏ် ဝမ်း၁၈ ဘီလီယံ ချမှတ်ခဲ့ပါသည်။ ၎င်းအနေဖြင့် ရွေးကောက်ပွဲဥပဒေ ချိုးဖောက်မှုများအတွက်လည်း ထောင်ဒဏ် နှစ်နှစ် ချမှတ်ခံခဲ့ရပါသည်။ ပတ်ဂွန်ဟီးအနေဖြင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဆမ်ဆောင်းကုမ္ပဏီ အပါအဝင် ကုမ္ပဏီအချို့ထံမှ ဒေါ်လာသန်းပေါင်းများစွာကို သူငယ်ချင်းဖြစ်သူနှင့် ပူးပေါင်းကြံစည်ရယူခဲ့မှုများကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

စံနမူနာထားဆောင်ရွက်စေလို

မြန်မာနိုင်ငံအနေဖြင့်လည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန အဖွဲ့အစည်း ၃၇ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Units – CPU) များကို ဖွဲ့စည်းထားပြီးဖြစ်သည်ကို တွေ့ရှိရပါသည်။ CPU များ၏ လုပ်ငန်းတာဝန်များတွင်လည်း အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ် ပါဝင်သဖြင့် ကိုရီးယားနိုင်ငံ၏ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်ခြင်းလုပ်ငန်းကို စံနမူနာယူကာ မိမိဌာန/အဖွဲ့အစည်းနှင့် အကိုက်ညီဆုံးဖြစ်သည့် ဖြောင့်မတ်တည်ကြည်မှုဆန်းစစ်ခြင်းစနစ်ကို အကောင်အထည်ဖော်ခြင်း သို့မဟုတ် ကော်မရှင်က ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အရွေ့တစ်ခုကို ပုံဖော်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကိုးကား – https://www.acrc.go.kr/en

ပျော်ဘွယ်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ဘုရားထီးတော် မြေခ၊ နေအိမ်အချို့ ပျက်စီး

ပျော်ဘွယ် မေ ၁

ပျော်ဘွယ်မြို့နယ်အတွင်း ဧပြီ ၃၀ ရက် ည ၇ ခွဲခန့်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဘုရားစေတီ ထီးတော်မြေခခြင်း၊ နေအိမ်အချို့ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် သနပ်ခါးတောအုပ်စု၊ ဥစ္စာနွယ်အုပ်စု၊ သိမ်ကုန်းအုပ်စု၊ ငွေးပင်ရိုးကျေးရွာ၊ တွင်းရွာအုပ်စု၊ ဘုရားကြီးအုပ်စု၊ ကျောက်ဆည်အုပ်စု၊ ဆူးချင်ကုန်းအုပ်စုအတွင်းရှိ ကျေးရွာများမှ နေအိမ်များ ပျက်စီးခြင်း၊ လျှော်ဖြူကုန်း(၅)ကျေးရွာမှ ဘုရားတစ်ဆူ ထီးတော်မြေခခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဥစ္စာနွယ်ရွာအတွင်းရှိ စာသင်ကျောင်း တစ်ကျောင်း၊ ဆူးချင်ကုန်းကျေးရွာရှိ စာသင်ကျောင်း တစ်ကျောင်းတို့မှာလည်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ထိုကဲ့သို့ ပျက်စီးခြင်းများကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးလွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်စုအတွင်းရှိ ကျေးရွာပြည်သူများ စုပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

သရက်မြို့၌ လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ၉၈ လုံးနှင့် ဘာသာရေးအဆောက်အအုံများ အမိုးလန်ပျက်စီး

သရက် မေ ၁

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ယမန်နေ့ ညနေ ၄ နာရီခန့်က လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့ပေါ်ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀ အုပ်စုတို့တွင် နေအိမ် ၉၈ လုံးနှင့် ဘာသာရေးအဆောက်အအုံများ အမိုးလန်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆောင်ရွက်ပေး

အဆိုပါ နေအိမ် ၉၈ လုံး အမိုးလန်ပျက်စီးမှုကြောင့် အိမ်ထောင်စု ၉၈ စု လူဦးရေ ၄၂၄ ဦး လေဘေးသင့်ခဲ့ပြီး လေဘေးသင့်ရပ်ကွက်၊ ကျေးရွာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ လဲကျနေသည့် မီးတိုင်များအား လျှပ်စစ်ဌာနက ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

သိန္နီမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီး

သိန္နီ မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်တွင် ယမန်နေ့ ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ပိန်းဆာကျေးရွာအုပ်စု ဆွန်ခိုင်းကျေးရွာ၊ မိုင်းပါးကျေးရွာအုပ်စု နောင်တော်ကျေးရွာနှင့် ကုန်းစုန်ကျေးရွာတို့ရှိ နေအိမ် ၁၀ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

စီမံဆောင်ရွက်ပေး

ထိုပျက်စီးမှုဖြစ်ပွားခဲ့သော နေအိမ်များမှာ ပိန်းဆာကျေးရွာအုပ်စု ဆွန်ခိုင်းကျေးရွာမှ နေအိမ် ခုနစ်လုံး၊ မိုင်းပါးကျေးရွာအုပ်စု နောင်တော်ကျေးရွာမှ နေအိမ်နှစ်လုံး၊ မိုင်းပါးကျေးရွာအုပ်စု ကုန်းစုန်ကျေးရွာမှ နေအိမ်တစ်လုံး စုစုပေါင်းနေအိမ် ၁၀ လုံးဖြစ်ပြီး အဆိုပါနေအိမ် ၁၀ လုံးရှိ မိသားစုဝင်များ၏ နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

စောဥမ္မာ(သိန္နီ)

အောင်လံမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန် ပြိုကျပျက်စီး

အောင်လံ မေ ၁

အောင်လံမြို့၌ ယမန်နေ့ ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောင်လံမြို့ နယ် သရက်တော

ရပ်ကွက်၊ မကျီးကုန်းရပ်ကွက်၊ ဈေးကုန်းရပ်ကွက်၊ တရော်ကုန်းရပ်ကွက်၊ စမ်းချောင်းရပ်ကွက်၊ စက်ရုံရပ်ကွက်၊ ရွာထောင် ရပ်ကွက်၊ ရွာပြင်းကျေးရွာအုပ်စု ရွာပြင်းကျေးရွာ၊ ပိတောက်ကုန်းကျေးရွာအုပ်စု ပန်းမတကျေးရွာ၊ တန်ဘိုးကျေးရွာတို့မှ နေအိမ် ၄၂ လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ပြီး နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ဆက်သွယ်ဆောင်ရွက်

အဆိုပါလေဘေးသင့်နေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းသွားရောက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပေါင်းစပ်ကာ ယာယီနေရာများချထားပေးခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်းများ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဘေးစီမံဌာနသို့ ဆက်သွယ်ဆောင်ရွက်ထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်ကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

အောင်လံ (ပြန်/ဆက်)

ညောင်ဦးမြို့နယ်၌ နွေပဲတီစိမ်းများ ဈေးကောင်းရရှိ၍ ပဲစိုက်တောင်သူများ အဆင်ပြေ

ညောင်ဦး မေ ၁

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကျေးရွာများတွင် မြေအောက်ရေအသုံးပြုစိုက်ပျိုးထားသည့် နွေပဲတီစိမ်းစိုက် တောင်သူများ ပဲတီစိမ်းတစ်တင်း ငွေကျပ် ၄၂၀၀၀ ဈေးရောင်းချရခြင်းကြောင့် နွေပဲတီစိမ်းစိုက်တောင်သူများ အဆင်ပြေနေကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုကျေးရွာများ၊ သစ်ထောင့်ကျွန်းအုပ်စုကျေးရွာများသည် မြေအောက်ရေသွင်းစိုက်ပျိုးခြင်းဖြင့် ဖေဖော်ဝါရီလမှစတင်ကာ နွေပဲတီစိမ်းများ စတင်ကြဲပက်စိုက်ပျိုးခဲ့ကြောင်း၊ တစ်လခွဲခန့်အကြာတွင် နွေပဲတီစိမ်းစိုက်ခင်းများ အဖူး၊ အပွင့် စတင်ဖူးပွင့်ပြီး နှစ်လအကြာတွင် စတင်ဆွတ်ခူး ရောင်းချရကြောင်း သိရသည်။ နွေပဲတီစိမ်း ဆွတ်ခူးချိန်တွင် တစ်ကြိမ်ဆွတ်ခူးရန် တစ်ဧကစိုက်ခင်းတစ်ခင်းလျှင် ပဲတီစိမ်းကောက်သမ အယောက် ၂၀ လိုအပ်ကာ ပဲတီစိမ်းကောက်သမတစ်ဦးလျှင် တစ်နေကုန် ကျပ် ၃၀၀၀ ပေးရကြောင်း၊ ဆွတ်ခူးပြီးပဲတီစိမ်းများကို တစ်ရက်ခန့်နေလှန်းကာ အစေ့ထုတ်ပြီး ပခုက္ကူမြို့ရှိပွဲရုံများသို့ သွားရောက်ရောင်းချကြကြောင်း တောင်သူဦးနေဝင်းက ပြောသည်။

ကိုထိန်

သက်ရှိလောကတည်မြဲဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

○ မန်စီးတီးအသင်းမှ

၈၃ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ လီဗာပူးအသင်းကတော့ ပရီမီယာလီဂ်ပွဲစဉ် ၃၄ ပွဲပါဝင်ကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၈၂ မှတ်ရရှိကာ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဦးဆောင်နိုင်ခဲ့

မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ အခုနှစ်ဘောလုံးရာသီအတွင်း ကစားဖို့ လေးပွဲစီကျန်ရှိနေချိန်မှာ မန်စီးတီးအသင်းက လီဗာပူးအသင်းကို တစ်မှတ်အသာနဲ့ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပြီး အခုပွဲမှာ နိုင်ပွဲရရှိခဲ့ပေမယ့် စပိန်မြေမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချန်ပီယံလီဂ် ဆီမီးဖိုင်နယ်ဒုတိယအကျော့ သွားရောက်ကစားရမှာ ဖြစ်တာကြောင့် နည်းပြဂါဒီယိုလာဟာ အသင်းရဲ့ အဓိကကစားသမားတွေဖြစ်တဲ့ ကီဗင် ဒီဘရိုင်း၊ ဘာနာဒိုဆေးလ်ဗားနဲ့ ရီယက်မာရက်ဇ်တို့ကို ချန်လှပ်ထားခဲ့တာ ဖြစ်ပါတယ်။

လိဒ်ယူနိုက်တက်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဖီးလ်ဖိုဒန်ဟာ အခုပွဲစဉ်တစ်လျှောက်လုံးမှာ အကောင်းဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြေယ်

● မြန်မာ့လက်ရွေးစင်မှ

ဇွန်ယုယဦး၊ အေးအေးမိုး၊ ခိုင်သဇင်၊ ခင်မိုမိုထွန်း၊ နော်ထက်ထက်ဝေ၊ ခင်မာလာထွန်း၊ စန်းသော်သော်၊ လင်းမြင့်မိုရ်၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ၁၅ မိနစ်တွင် ခင်မိုမိုထွန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် စန်းသော်သော်က သွင်းယူသည်။ ဆိုးလ်စီးတီးအသင်းအတွက် ချေပဂိုးကို ၄၂ မိနစ်တွင်ရရှိသည့် ပင်နယ်တီ မှတစ်ဆင့် ချိုဟာနူးက သွင်းယူသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး လင်းမြင့်မိုရ် အစား မြတ်နိုးခင်၊ ခင်သန်းဝေ အစား ခင်မျိုးဝင်း၊ အေးအေးမိုး အစား နန့်ဇူဇူးထက်၊ စန်းသော်သော် အစား ခင်မိုးဝေ၊ ခိုင်သဇင် အစား ဖြူဖြူဝင်း၊ ခင်မာလာထွန်း အစား သင်းသင်းယုတို့ကို လဲလှယ်အသုံးပြုခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်သဖြင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၃ ရက်တွင် တောင်ကိုရီးယား ယူ-၂၀ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF

အားကစား မြှင့်တင်စိတ်လန်းရှင်ဆန့်ကျင် မူးယစ်ဆေး

တိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်းများ ပျောက်ဆုံးသွားကြောင်း ကြေညာခြင်း

ယုဇနဥယျာဉ်မြို့တော်၊ (၁၄)လမ်း၊ တိုက်(၂၃)၊ အခန်း(၁၀၂)၌ နေထိုင်သူ ဒေါ်ငွေးငွေးဦး[၁၁/စတန(နိုင်)၀၁၂၇၄၅]ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်းများသည် ၈-၄-၂၀၂၂ ရက်တွင် ရန်ကုန်မှ တောင်ကုတ်သို့ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ပိုင်ရှင်ကို ပြန်လည်ပေးအပ်ပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်းနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို လက်ခံရရှိထားသူမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ငွေးငွေးဦး
Ph:09-254167869

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၅၅၉၁)/၂၀-၃-၁၉၉၁)
အမှတ်(၆)၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊
သဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-253833925

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ စွယ်တော်ရပ်ကွက်၊စွယ်တော် City အိမ်ရာ၊တိုက်အမှတ်(ဘီ)၊အခန်းအမှတ်(၇၂၄)၊ (၇)လွှာ၊(၁၂၆၀)စတုရန်းပေအကျယ်ရှိ ရေ+မီးစုံလင်စွာပါရှိသောကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ရှိသည့် ပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးမြတ်သူ(၁၂/ဒဂန(နိုင်)၀၁၅၈၉၉) ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မေရည်စိုးဦး
LL.B.,D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၁၂)

ဒေါ်အေးမြတ်ကြည်
LL.B
အထက်တန်းရှေ့နေ(စဉ်-၃၉၆၆၈)

Fb Page: Aung Myay Saytanar Realestate Co.,Ltd, E-mail: aungmyayrealestate@gmail.com
အမှတ်(၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်း၊မ(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
☎ : 09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 50 577 14

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-အဆင့်မြင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)၊ မြေကွက်အမှတ်(၁၀၄၁+၁၀၄၂)၊ ဧရိယာ(၀.၀၆၈)ဧကရှိ ဦးသိန်းစိုး(၁၁/ပဏာက(နိုင်)၀၁၃၀၂)အမည်ပေါ်က် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဧရာဝတီလမ်းအမှတ်(၁၀၄၁+၁၀၄၂)ဟု ခေါ်တွင်သော(၁)ထပ်နေအိမ်အဆောက်အဦးအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ ဒေါ်ငွေးငွေးဦး
ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).
အမှတ်(၁၁)ဦးဘဟန်လမ်းသယ်နားကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၂၈၂၂၊ ၀၉ ၅၁၅၄၆၉၂

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့ဟောင်း(၁)ရပ်ကွက်၊(၃)လမ်း၊ မြေကွက်အမှတ်(၈၂၃)၊ မြေအကျယ်အနန်းဝေ (၂၅၄၅)၊ မြေပိုင်ရှင် ဒေါ်သန်းသန်းအေး[၁၂/မရက(နိုင်)၀၈၆၇၁၁]၏မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးကြီးမြင့်[၁၄/ဟသတ(နိုင်)၁၂၄၉၀၄]ကတာ၀နပ်ယူဆောက်လုပ်ထားသော (၂)ခန်းတွဲ(၃)ထပ်ခွဲRCအဆောက်အအုံ၏ခေါင်းရင်းခန်း(၄လွှာ/တတိယထပ်)။ အကျယ်အနန်း(၁၁ပေခွဲx၄၈ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးစိုင်းချမ်းအေးအောင်ကဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲနိုင်ဦး(ဘ)ဦးသက်ဝေ[၁၂/သဃက(နိုင်)၁၇၃၉၀၃]က အပြီးအပိုင်လွှဲပြောင်း၀ယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအ၀ယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

ဦးရဲနိုင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)
LL.B,D.B.L,Dip in English
တရားလွှတ်တော်ရှေ့နေ
တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ် Ph:09-5083805, 09-799618472

"ကန့်ကွက်နိုင်ကြောင်း ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၃ရပ်ကွက်၊ မြခွာညို (၁)လမ်း၊ အိမ်အမှတ်(၅၅၅)။ အကျယ်အနန်း (၄၀'x၆၀')မြေကွက်သည် ဦးအောင်မြင့်[၁၂/ရကန(နိုင်)၀၂၂၁၅၃]အမည်ဖြင့် မြေဝယ်မစစ်ရရှိထားပြီး၊ ၎င်းမှ အရပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်လက်လွှဲရောင်းချထားရာ နောက်ဆုံးလက်ဝယ်ရှိသူ ဒေါ်သန်းသန်းဆွေ[၇/ကဝန(နိုင်)၁၃၉၉၇၀၆]မှ အဆိုပါမြေကွက်ကြီးအနက် တရားဝင်မခွဲမစိတ်ရသေးသော အိမ်အမှတ်(၅၅၆)နှင့်ကပ်လျက်အခြမ်း မြေကွက်အကျယ် (၂၀'x၆၀')အား ရောင်းချလိုကြောင်း ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ဖေါ်ပြပါမြေကွက်နှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံ အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ရက်သတ္တပတ် (တစ်)ပတ်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းအောင်ကျော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၇၈/၂၀၀၂)
အမှတ်(၃၃)၊ (၀)ထပ်၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၁၃၇၀၈

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၅၈၀/ခ)တွင် နေထိုင်ကြသော ဒေါ်ဝေလွင်အောင်[၁၂/ဥကတ(နိုင်)၀၉၀၂၁၀]နှင့် ဒေါ်စန်းစန်း၇ီ[၁၂/ကခက(နိုင်)၀၇၇၂၉၈]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရှားဒူးကျေးရွာအုပ်စု၊ တောင်ပလူးကျေးရွာရှိ ကျွန်းမာရေးဌာနတွင် တာ၀န်ထမ်းဆောင်ခဲ့သော လ/ထ ကျွန်းမာရေးမှူး ဦးဇေယျာအောင်(သေဆုံး)သည် ဒေါ်ဝေလွင်အောင်(ဘ)ဦးတင်အောင် [၁၂/ဥကတ(နိုင်)၀၉၀၂၁၀]၏သားအရင်းဖြစ်ပြီး ဦးဇေယျာအောင်တွင် တရားဝင်နီးဖြစ်သူ ဒေါ်စန်းစန်းရီ (ဘ)ဦးထွန်း[၁၂/ကခက(နိုင်)၀၇၇၂၉၈]နှင့် သမီးဖြစ်သူ မဇေယွန်းရတီ (ဘ)ဦးဇေယျာအောင်ဆိုသည့် သားအမိနှစ်ဦးသာရှိသည့်အတွက် ဒေါ်ဝေလွင်အောင်သည် ဦးဇေယျာအောင်၏မိခင်ဖြစ်ကြောင်းနှင့် ဒေါ်စန်းစန်းရီနှင့် မဇေယွန်းရတီတို့မှာလည်း ဦးဇေယျာအောင်၏ တရားဝင်ဇနီးမယားနှင့် သမီးအရင်းဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဒေါ်ဝေလွင်အောင်နှင့် ဒေါ်စန်းစန်းရီတို့၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းမင်းထက်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၉၀၆၆၂/၂၀၁၇)
အမှတ်(၂၆၄)၊ မဂ္ဂင်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၉-၉၆၆၅၅၄၄၃၀၇၊ ၀၉-၄၂၀၂၇၈၆၉၈

"သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဧရာ(၈)လမ်းသွယ် -၂ တိုက်အမှတ် - ၁၁၄(အေ)၊ ၃ ထပ်ခွဲတိုက်၊ ဒါဘာ (ခေါင်းရင်းခန်း)၊ ဦးရွှေဝင်းအောင် [၁၂/သဃက(နိုင်)၀၈၉၃၅၇]၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဧရာ(၈) လမ်းသွယ်-၂၊ အမှတ်-၁၁၄ (၂၀x၆၀)ပေမြေသည် ဖခင်ကြီး ဦးပန်းအောင်ဂရန်အမည်ပေါက်မြေဖြစ်၍ ထိုမြေအား သားသမီး(၃)ဦးမှ အညီအမျှ အကျိုးခံစားပိုင်ခွင့်ရှိပါကြောင်းနှင့် အထက်ပါမြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်ခွဲတိုက်၏ တိုက်အမှတ်-၁၁၄ (အေ)ခေါင်းရင်းခန်း၊ ဒါဘာအခန်းသည် အမွေဆက်ခံခွင့်ဥပဒေနှင့်အညီ အမွေရရိုင်းခွင့်ရှိသည့်အခန်းအဖြစ် ဦးရွှေဝင်းအောင်မှ တရားဝင်ပိုင်ဆိုင်နေထိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-

ဒေါ်သူဇာအောင်	**ဒေါ်ခင်ပြိုးလှိုင်**	**ဒေါ်မြတ်ပန်းသစ်**
LL.B, D.B.L, D.I.L, WIPO (G.C.I.P Switzerland)	**LL.B**	**LL.B, LL.M (Candidate)**
(စဉ်-၁၁၈၇၉/၁၇)	**(စဉ်-၄၉၂၉၉/၁၇)**	**(စဉ်-၅၃၅၀၂/၂၀၂၀)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေများ**	
T. Z. A (Law Firm)		

တိုက်အမှတ်-၂၀၃/၆၊ ကျောင်းလမ်း၊ ၂၅ ရပ်ကွက်၊ သုဝဏ္ဏ၊
သဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၀၉၉၃၇၇၊ ၀၉-၇၆၄၂၀၆၁၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့်ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ရေးဌာနခွဲမှအရေးပေါ်လုပ်ငန်းတွင်အသုံးပြုရန်လိုအပ်သည့်အရံပစ္စည်းများ၊ဓာတ်အားခွဲရုံ(၂)ရုံအတွက်လိုအပ်သောပစ္စည်းများနှင့် AMI စနစ်ဆောင်ရွက်မည့်မြို့နယ်(၅)မြို့နယ်များ၏ရွယ်ထွေးဆားဗစ်များရှင်းလင်းခြင်းလုပ်ငန်းများအတွက်လိုအပ်သည့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နေ့နံထားအတိုင်း(၃.၅.၂၀၂၂) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါဖိတ်ရက်မှာ(၁၇.၅.၂၀၂၂)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

